# Voice of Burma

Published by Voice of Burma Information Group    Issue No. 721 AUGUST 2, 2009


**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**

Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com


## ဒေါ်အောင်ဆန်းစုကြည်အမှုစီရင်ချက် ဩဂုတ်လ ၁၁ ရက်သို့ ထပ်မံရွှေ့ဆိုင်း

**RFA၊ ဂျူလိုင် ၃၁ ။** ။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အမှုကို အင်းစိန်ထောင်တွင်း အထူးတရားရုံးက ဒီကနေ့ စီရင်ချက်အမိန့်မချမှတ်ဘဲ ဩဂုတ်လ ၁၁ ရက်နေ့ကို ထပ်မံရွှေ့ဆိုင်းလိုက်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး တရားသူကြီးတွေဘက်က ဥပဒေပိုင်းဆိုင်ရာ ပြဿနာတွေကို စဉ်းစားသုံးသပ်နေဆဲဖြစ်တာကြောင့်ဆိုပြီး အကြောင်းပြခဲ့တယ်လို့ ဒေါ် အောင်ဆန်းစုကြည်ရဲ့ အကျိုးဆောင်ရှေ့နေ ဦးဉာဏ်ဝင်းက RFA ကိုပြောပါ တယ်။

"ဒီအမှုဟာ ဥပဒေပြဿနာရှိ တာအမှန်ဘဲလေ။ အဲဒီဥပဒေပြဿနာကို ဒီလောက်အချိန်ယူပြီးတော့ စဉ်းစားတယ်ဆိုရင် ကျနော်တို့က ကျေနပ်ပါတယ်။ ဥပဒေပြဿနာက သုံးလေးခုမကရှိတယ်။ ဒါပေမယ့် အဓိကပြဿနာက ၇၄ ခုနှစ် ခြေခံဥပဒေ အသုံးပြု၍ရ မရပေ့ါ။ အဲဒါအဓိကပါ။ ကျနော်တို့က အသုံးပြုလို့မရ တော့ဘူးဆိုတဲ့ဘက်ကနေ တင်ပြထားတယ်။ ဒါ အတော်အဓိကကျတဲ့ ပြဿနာတခုပါ။"

အာဏာပိုင်တွေဘက်က ဥပဒေပိုင်းဆိုင်ရာ ပြဿနာရှိတယ်လို့အကြောင်း ပြပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုကို ရွှေ့ဆိုင်းလိုက်ပေမယ့် ဘယ်ဥပဒေ ပြဿနာဆိုတာကို တိတိကျကျ ထုတ်ဖော်ပြောဆိုတာ မရှိဘူးလို့ ဦးဉာဏ်ဝင်းကပြောပါတယ်။ တရားသူကြီးတွေက စီရင်ချက်ချမယ့်ရက်ကို ထပ်ပြီးရွှေ့ဆိုင်းလိုက်တဲ့အကြောင်း မကြေညာခင် တရားရုံးကို တက်ရောက်လာတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ လာရောက်နားထောင်နေကြတဲ့ နိုင်ငံတကာ သံတမန်တွေကို အင်္ဂလိပ်ဘာသာနဲ့ နှုတ်ဆက်စကားပြောဆိုရာမှာ သူ့အနေနဲ့ ဒီကနေ့ တရားရုံးရဲ့ ဆုံးဖြတ်ချက်ဟာ မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးမှုရှိ မရှိဆိုတာကို လက်တွေ့ပြသမယ်လို့ မျှော်လင့်ထားတဲ့အကြောင်း ပြောဆိုခဲ့ပါတယ်။

တရားရုံးချိန်ကို သတ်မှတ်ထားတဲ့အတိုင်း မနက် ၁၀ နာရီမှာ စတင်ခဲ့ပေမယ့် သံတမန်တွေ တက်ရောက်နားထောင်ဘို့အတွက် အစိုးရအာဏာပိုင်တွေက နာရီပိုင်းအလိုကျမှ ခွင့်ပြုခဲ့တယ်လို့ သိရပါတယ်။ အဲဒီအထဲမှာ တရုတ်၊ ရုရှား နဲ့ အမေရိကန်သံတမန်တွေလည်းပါဝင်တယ်လို့ ဦးဉာဏ်ဝင်းကပြောပါတယ်။

"တော်တော်များများတက်ပါတယ်။ သံရုံး ဘယ်နှစ်ရုံးလည်းတော့မသိဘူး၊ ကျနော်ထင်တယ် ဆယ်ရုံးအထက်မှာရှိတယ်။ ကျနော် အကုန်တော့ မသိဘူး။ အမေရိကန်၊ ဗြိတိန်၊ အီတလီ၊ ဂျပန်၊ တရုတ်လည်းပါတယ်။ စင်္ကာပူ၊ တော်တော်များများပါတယ်။"

တရားရုံးအနေနဲ့ ဒီကနေ့မှာ စီရင်ချက်အမိန့်ချမှတ်မယ်လို့ အများစုက မျှော်လင့်ထားတဲ့အတွက် အာဏာပိုင်တွေဘက်က တက်ရောက်ခွင့်မပြုခဲ့ဘူးဆိုရင် အင်းစိန်ထောင်တွင်းတရားရုံးနဲ့အနီးဆုံးနေရာအထိ သွားရောက်စောင့်ဆိုင်းနားထောင်ကြဘို့ သံတမန်အများစုက ဆုံးဖြတ်ထားကြောင်း သိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အမှုအပေါ် ချမှတ်မယ့်စီရင်ချက်ကို ကမ္ဘာ့အရပ်ရပ်က စောင့်ကြည့်နေပြီး ကုလသမဂ္ဂအနေနဲ့လည်း ဒီစီရင်ချက်အပေါ်မှာ တုန့်ပြန်မှုတွေရှိမှာဖြစ်တယ်လို့ အတွင်းရေး မှူးချုပ် ဘန်ကီမွန်းကလည်း မကြာသေးခင်ရက်ပိုင်းအတွင်းက ပြောဆိုထားပါတယ်။

## ဒေါ်အောင်ဆန်းစုကြည်အား AI အဖွဲ့က ဆုချီးမြှင့်

**Irrawaddy ၊ ဂျူလိုင် ၂၇ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင် ဆန်းစုကြည်ကို ၂၀၀၉ ခုနှစ်အတွက် ယုံကြည်ချက်သံတမန် Ambassador of Conscience ဆုကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ AI က ယနေ့ထုတ်ဖော်ကြေညာလိုက်ပါတယ်။

လူတဦးတယောက်ရဲ့ထူးချွန်သည့် ခေါင်းဆောင်အရည်အသွေးနှင့် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရာတွင် ကမ္ဘာပေါ်ရှိလူအများ၏ စိတ်ဓာတ်ကို တက်ကြွစေသည့် စွမ်းဆောင်ချက်များကြောင့် အဆိုပါဆုကို ပေးအပ်ခြင်းဖြစ်ပါတယ်။ ယင်းဆုကို အိုင်ယာလန်နိုင်ငံ Dublin မြို့တွင် AI အဖွဲ့က ပေးအပ်ချီးမြှင့်မှာဖြစ်ပြီး ယခင်နှစ်က အိုင်ယာလန်

**စာမျက်နှာ ၂ သို့**


**အင်းစိန်ထောင် အနီးတဝိုက်နှင့် ရန်ကုန်မြို့တွင် စစ်တပ်များနဲ့ လုံခြုံရေးတင်းကျပ်** — စာမျက်နှာ ၄

**ဒေါ်စုကို ထောင်ချလျှင် ပြင်းထန်သည့် ဒဏ်ခတ်မှုများ နအဖ စစ်အုပ်စုခံရဖွယ်ရှိ** — စာမျက်နှာ ၇

**ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးဆုတောင်းသူများ နှောင့်ယှက်ခံရ** — စာမျက်နှာ ၁၀

**စီရင်ရေးအပေါ် ဒေါ်စု ကြေညာချက်ထုတ်၊ ဒေါ်စု ခြံမြေတချို့ကို အမျိုးကရောင်း** — စာမျက်နှာ ၁၄

**ဒေါ်အောင်ဆန်းစုကြည် အမှုရက်ချိန်းထပ်ရွှေ့ ဆိုင်းခြင်း၏ နောက်ကွယ်** — စာမျက်နှာ ၁၈

VOB အာဘော်

# နိုင်ငံရေးတရားခွင်

စစ်အာဏာရှင်များက ဒေါ်အောင်ဆန်းစုကြည်စွဲဆိုခံနေရသောအမှုကို ဂျူလိုင် ၃၁ ရက်နေ့တွင် စီရင်ချက်ချမှတ်မည်ဟု လူသိရှင်ကြားထုတ်ပြန်ကြေညာခဲ့သည်။ ဤသည်က ပြည်တွင်းသာမက ပြည်ပ၌ပါ တင်းမာမှုများနှင့် ခံစားချက်များမြင့်မားလာခဲ့သည်။

နိုင်ငံတကာအသိုင်းအဝိုင်းသည် စစ်အာဏာရှင်များအား ဒီမိုကရေစီခေါင်းဆောင်အား လွှတ်ပေးရန် တောင်းဆိုနေခဲ့သည်မှာ အမှုဆင်ကာ တရားစွဲခံရကတည်းကဖြစ်သည်။ အစောင့်အကြပ်ထူထဲစွာဖြင့် နေအိမ်တွင် ထိန်းသိမ်းထားခံရသော ဒေါ်အောင်ဆန်းစုကြည်၏ ခြံဝင်းအတွင်းသို့ လူတယောက်က အစောင့်အကြပ်များမသိပဲ အလွယ်တကူဝင်ရောက်လာခြင်းကို လုံခြုံရေးဆိုင်ရာတာဝန်ခံသူများအား မည်သို့မျှ အရေးယူခြင်းမရှိပဲ လက်ခံထားသည့် ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆိုခြင်းသည် သူမအား ဥပဒေချိုးဖောက်သည်ဟူသော ဥပဒေကြောင်းအရ စွဲချက်မဟုတ်ပဲ နေအိမ်အကျယ်ချုပ်သက်တမ်းကုန်လွန်ကာ ပြန်လွှတ်ပေးရချိန်နီးလာသောအခါ ဆက်လက်ဖမ်းချုပ် နိုင်ရေးအတွက် အာဏာရှင် နအဖ ဗိုလ်ချုပ်များ၏ ကြိုတင်ကြံစည်မှုဖြစ်သည်။ ဒီမိုကရေစီခေါင်းဆောင်အား နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားနိုင်ခြင်းမရှိစေရန် လူထုခေါင်းဆောင်အား လူထုနှင့်ထိတွေ့ဆက်ဆံမှု မပြုနိုင်စေရန်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးအရစွဲချက်တင်ကြောင်း ထင်ရှားလှပေသည်။

ထို့ကြောင့်ပင် နိုင်ငံတကာအသိုင်းအဝိုင်းက နည်းလမ်းမျိုးစုံသုံး၍ သူမအား လွှတ်ပေးရန် တသံတည်းတောင်းဆိုနေကြခြင်းဖြစ်သည်။ နှစ်ပေါင်း ၂၀ အတွင်း ၁၃ နှစ်ကျော်ကြာ ထိန်းသိမ်းခံနေရသော ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရန် နိုင်ငံတကာက တောင်းဆိုနေခဲ့သည်မှာ ကြာမြင့်နေခဲ့ပြီဖြစ်သော်လည်း မည်သည့်အခါမျှ ယခုလောက်များပြားခြင်းနှင့် ပြင်းထန်ခြင်းမရှိပေ။ နအဖစစ်ခေါင်းဆောင်များက ဒေါ်အောင်ဆန်းစုကြည်အား တရားစီရင်ခြင်းသည် ပြည်တွင်းဥပဒေများနှင့် အညီဖြစ်သည်ဟု ဆိုနေခဲ့သည်။ သို့သော် အပြီးသတ်ကြားနာမှုများပြီးဆုံး၍ စီရင်ချက်ချမည့်ကိစ္စကို ရုတ်တရက် ရက်ရွှေ့ဆိုင်းလိုက်ခြင်းတွင် နောက်ကွယ်က အကြောင်းရင်းများရှိမည်မှာသေချာသည်။

တရားဥပဒေစိုးမိုးမှုမရှိသော မြန်မာပြည်တွင် အမိန့်ကသာ နေရာတကာလွှမ်းမိုးနေခြင်းကြောင့် ဥပဒေရေးရာအရ လေ့လာသုံးသပ်မှုများပြုရန်လိုသည် ဟူသော အကြောင်းပြချက်ဖြင့် စီရင်ချက်ချမည့်ရက်ကို ဩဂုတ်လ ၁၁ ရက်နေ့သို့ ရွှေ့ဆိုင်းကြောင်း ကြေညာချက်ထွက်လာသည်။ ဩဂုတ်လ ၈ ရက်နေ့သည် ရှစ်လေးလုံးအရေးတော်ပုံ ၂၁ နှစ်ပြည့်မြောက်သောနေ့ဖြစ်ရာ ထိုကဲ့သို့သော သမိုင်းဝင်နေ့ရက်မတိုင်မီ ဒေါ်အောင်ဆန်းစုကြည်ကို စီရင်ချက်ချမှတ်ခြင်းသည် မိမိတို့အတွက် အကျိုးထိခိုက်စေမည်ဟု တွက်ဆမိသောကြောင့် အခြေအနေသည် ရုတ်တရက်ပြောင်းလဲလာခြင်းဖြစ်နိုင်သည်။ ထို့အပြင် ပြည်ပအခြေအနေ တုံ့ပြန်မှုများကလည်း ထည့်သွင်းစဉ်းစားရမည့် အချက်တချက်ဖြစ်သည်။

ဂျူလိုင် ၂၇ ရက်နေ့က ဝါရှင်တန်တွင်ကျင်းပခဲ့သည့် အမေရိကန်–တရုတ် စီးပွားရေးနှင့် မဟာဗျူဟာ ဆွေးနွေးပွဲတွင် အာရှအရေးဆွေးနွေးမှု၌ မြန်မာ့အရေးသည် အကြောင်းအချက်တချက်အဖြစ် ပါဝင်ခဲ့ဖွယ်ရာရှိသည်။ အကြောင်းမှာ နအဖ နှင့် မြောက်ကိုရီးယားတို့၏ ဆက်ဆံရေးက အာရှအရှေ့ဖျားဒေသလုံခြုံရေးကို ခြိမ်းခြောက်ရာရောက်သည်ဟု အမေရိကန်က ယုံကြည်ထားသောကြောင့်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာ ဒေါ်စုအားစီရင်ချက်ချရန် ရက်ရွှေ့ဆိုင်းသွားခြင်းသည် ပြည်တွင်းပြည်ပ ဖိအားများကြောင့်ဆိုသည်မှာ ငြင်း၍မရပေ။ အာဏာရှင်ဆိုသည်မှာ ၄င်းတို့အာဏာဆက်လက်ချုပ်ကိုင်နိုင်ရေးကိုသာ အစဉ်တစိုက်စဉ်းစားလုပ်ကိုင်နေသောကြောင့် မိမိတို့သဘောဆန္ဒဖြင့် အသိတရားရကာ အလိုအလျောက် ပြောင်းလဲလုပ်ဆောင်ခြင်းမရှိပေ၊ ဖိအားပေးမှုများဖြင့်သာ လျော်ကန်သင့်မြတ်သောလမ်းကို လျှောက်လှမ်းအကောင်အထည်ဖော်တတ်သူများဖြစ်သည်။ ထို့ ကြောင့် ပြည်တွင်းပြည်ပ အင်အားစုအားလုံးသည် ယခုတကြိမ်တွင် ဟန်ချက်ညီသောဖိအား အရှိန်အဟုန်ကြီးစွာဖြင့် ပေါ်ထွက်လာရေးအတွက် မည်သို့ လုပ်ဆောင်မည်နည်းဆိုသည်ကို အရေးတကြီး ဆွေးနွေးတိုင်ပင် ချမှတ် လုပ်ဆောင်ရန် လိုအပ်နေပြီဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

---

**မျက်နှာဖုံးမှ**

နိုင်ငံ U2 တေးဂီတအဖွဲ့ကို ၎င်းဆု ပေးအပ်ချီး မြှင့်ခဲ့ ပါတယ်။

AI ၏အထွေထွေအတွင်းရေးမှူး Irene Khan က “ရှည်လျားခက်ခဲတဲ့ လူ့အခွင့်အရေးတိုက်ပွဲတွေမှာ မြန်မာနိုင်ငံက လူအများအတွက်သာမက ကမ္ဘာတဝန်းလုံးက လူတွေအတွက် ဒေါ်အောင်ဆန်းစုကြည်ဟာ မျှော်လင့်ချက်နဲ့သတ္တိရဲ့ အမှတ်အသားတခုပါ။” လို့ ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့မိတ်ဆွေတဦးဖြစ်သူ နိုဗဲယ်လ်ဆုရှင် Vaclav Havel ကလည်း ယင်းဆုပေးပွဲကို တက်ရောက်ဂုဏ်ပြုချီးမြှင့်မှာဖြစ်ပါတယ်။

ယင်းဆုကိုချီးမြှင့်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ဖ နှစ်မြောက်ရှိပြီဖြစ်ပြီး ယခင်က တောင်အာဖရိက သမ္မတဟောင်း နယ်လ်ဆင်မဲင်ဒရဲလား၊ ချက်သမ္မတဟောင်း Vaclav Havel နှင့် U2 တေးဂီတ အဖွဲ့တို့က ဆွတ်ခူးရရှိခဲ့ပါတယ်။ ယခုလသည် ဒေါ်အောင်ဆန်းစုကြည်ကို စတင်ဖမ်းဆီးထိန်းသိမ်းခဲ့သည့် အနှစ် ၂၀ ပြည့်မြောက်သည့်အချိန်ဖြစ်သည့်အပြင် AI အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အား Conscience of Prisoner အဖြစ် ကြေညာသည့် နှစ် ၂၀ ပြည့်မြောက်သည့်ကာလလည်း ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၈၉ ခု၊ ဂျူလိုင်လက ပထမအကြိမ် အထိန်းသိမ်းခံခဲ့ရပါတယ်။ ၂၀၀၃ ခုနှစ်၊ မေလတွင် ဖြစ်ပွားခဲ့သော ဒီပဲယင်းအကြမ်းဖက်တိုက်ခိုက်မှုအပြီးမှစတင်၍ နေအိမ်အကျယ်ချုပ်ဖြင့် ထပ်မံအထိန်းသိမ်းခံနေရသည့် ဖ နှစ်ပြည့်ခါနီးအချိန်တွင် ၎င်း၏အိမ်သို့ တိတ်တဆိတ်ဝင်ရောက်ခဲ့သော အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံယက်တော အမှုနှင့်ပတ်သက်၍ အာဏာပိုင်များရဲ့ တရားစွဲဆိုခြင်းခံနေရပါတယ်။ ၁၉၈၉ ခုနှစ်မှစ၍ နေအိမ်အကျယ်ချုပ်ဘဝဖြင့် နေရချိန်စုစုပေါင်း ၁၃ နှစ်ကျော်ပြီဖြစ်ပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်ကို လာမည့်သောကြာနေ့မှာ စီရင်ချက်ချမည်

**NEJ ၊ ဂျူလိုင် ၂၈ ။** ။ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ် ဖောက်ဖျက်မှုဖြင့် တရားစွဲဆိုစစ်ဆေးနေသော အင်းစိန်အထူးတရားရုံး ယနေ့တရားခွင်၌ တရားသူကြီးများက လာမည့်သောကြာနေ့တွင် စီရင်ချက်ချမည်ဟု ရုံးချိန်းပေးလိုက်ပြီ ဖြစ်သည်။

"ဒီနေ့တရားခွင်မှာ ဒေါ်အောင်ဆန်းစုကြည်ပါတဲ့အမှုက နှစ်ဘက်ရှေ့နေတွေရဲ့ အပြီးသတ်လျှောက်လဲချက် ၁၂ နာရီလောက်မှာ ပြီးစီးသွားပါပြီ။ တရားရုံးက ဂျူလိုင် ၃၁ ရက်နေ့မှာ စီရင်ချက်ချမယ်လို့ ရုံးချိန်းပေးလိုက်ပါပြီ။" လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတဦးဖြစ်သူ ဦးဉာဏ်ဝင်းကပြောပါတယ်။ ယမန်နေ့က ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေကြီးဦးကြည်ဝင်း တင်ပြခဲ့တဲ့ ထပ်တိုးသက်သေအတွက် နှစ်ဘက်ရှေ့နေများက ယနေ့ထပ်မံလျှောက်လဲချက်ပေးခဲ့ကြရာ တရားရုံးက ထပ်တိုးသက်သေမလိုအပ်ဟုဆိုကာ ပယ်ချလိုက်ကြောင်း သိရပါတယ်။

"အဲဒီထပ်တိုးသက်သေနဲ့ပတ်သက်ပြီးတော့ နှစ်ဘက်ရှေ့နေတွေ အကျဉ်းချုပ်လျှောက်လဲချက်ပေးခဲ့ကြပါတယ်။ တရားရုံးက ဒီသက်သေဟာ အစိုးရအဖွဲ့က အဆုံးအဖြတ်ပြုပြီးသားကိစ္စဖြစ်နေတယ်။ အတည်ဖြစ်နေတယ်။ ဒါကြောင့် မလိုအပ်ဘူးဆိုပြီး ကျနော်တို့လျှောက်ထားတာကို ပယ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ ၁၀/က၊ ၁၀/ခ နဲ့ ထိန်းသိမ်းခဲ့တဲ့အမိန့်တွေဟာ အစိုးရအဖွဲ့ကလုပ်တာ။ အစိုးရအဖွဲ့က လုပ်ထားတဲ့အပေါ်မှာ အယူခံလည်းပယ်ထားပြီးသားဖြစ်တော့ ဒါဟာ အတည်ဖြစ်နေပါတယ်လို့ ပြောပါတယ်။" ဟု ဦးဉာဏ်ဝင်းက ရှင်းလင်းပြောဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အား ထိန်းသိမ်းခဲ့မှုအခြေအနေနှင့် ယခုစွဲဆိုထားချက် အပ်စပ်မှုရှိ မရှိ တရားရုံးကဆုံးဖြတ်နိုင်ရန် ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေကြီးဦးကြည်ဝင်းက မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောဆိုချက်ကို ကိုးကား၍ ယမန်နေ့တရားခွင်တွင် တင်ပြခဲ့ပါတယ်။ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနက ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးထားခြင်းမဟုတ်ဘဲ သူ့အသက်အန္တရာယ် စိုးရိမ်ရ၍ ထိန်းသိမ်းထားခြင်းသာဖြစ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေး အလုပ်ကော်မတီသို့ ထုတ်ဖော်ပြောဆိုခဲ့မှုကို ဦးကြည်ဝင်းကတင်ပြခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနကို သက်သေအဖြစ် တင်သွင်းလိုကြောင်း ယမန်နေ့ကလျှောက်ထားခြင်း ဖြစ်ပါတယ်။ ထိုသို့ထပ်တိုးသက်သေ လျှောက်ထားချက်ကို ပယ်ချလိုက်တဲ့အတွက် ရှေ့နေဦးဉာဏ်ဝင်းက "အစိုးရအဖွဲ့က အဲဒီလိုလုပ်တာကိုက ဥပဒေနဲ့မညီဘူး။ ဥပဒေအရ မလုပ်နိုင်ဘူး။ သူတို့က အဲဒါကိုရှောင်နေတာပါ။" လို့ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေ ဦးဉာဏ်ဝင်းကတင်ပြခဲ့တဲ့ ဂျူလိုင် ၂၃ ရက်ထုတ် သတင်းစာတွေရဲ့ဆောင်းပါးပါ ရေးသားချက်များသည် တရားဥပဒေကို မထီမဲ့မြင်ပြုရာရောက်သဖြင့် လိုအပ်သလိုစိစစ်ဆောင်ရွက်ပေးပါရန် လျှောက်ထားချက်ကိုလည်း ယနေ့တရားခွင်တွင် တရားသူကြီးများက တစုံတရာတုန့်ပြန်ခဲ့ခြင်းမရှိဟု သိရပါတယ်။

နအဖ စစ်အစိုးရရဲ့ သတင်းစာများ၌ ဂျူလိုင် ၂၃ ရက်တွင် လူသစ်ဆိုသောကလောင်အမည်ဖြင့် ရေးသားထားသည့် ပြည်သူ့ဆန္ဒကို ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသူများ ဝိုင်းဝန်းဖယ်ရှားဟူသော ဆောင်းပါးတွင် "အလားတူပင် ဒေါ်အောင်ဆန်းစုကြည်သည်လည်း နိုင်ငံရေးအကျဉ်းသားမဟုတ်ပါဘူး၊ တည်ဆဲဥပဒေတရပ်ကို ဖောက်ဖျက်ကျူးလွန်လို့ သက်ဆိုင်ရာတရားရုံးက တရားစွဲဆိုမှုနဲ့ တရားရင်ဆိုင်နေရသူသာ ဖြစ်ပါတယ်။" လို့ ရေးသားထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေများအနေဖြင့် အပြီးသတ်လျှောက်လဲချက်ကို ရနိုင်သမျှသော အချိန်ကာလအတွင်း တရားရုံးသို့ အချက်အလက်ခိုင်ခိုင်မာမာဖြင့် အကောင်းဆုံးတင်ပြခဲ့ကြောင်း၊ ဥပဒေအမြင်အရ ဒေါ်အောင်ဆန်းစုကြည်သည် ပြစ်မှုကျူးလွန်ခြင်းမရှိကြောင်း ဦးဉာဏ်ဝင်းကပြောပါတယ်။ ယနေ့တရားခွင်သို့ ဂျပန်နှင့်အမေရိကန်အပါအဝင် သံရုံး ၅ ခုခန့်မှ သံတမန်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါတယ်။

နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံနေရသော ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်း အမေရိကန်နိုင်ငံသား မစ္စတာယက်တော ဝင်ရောက်ခဲ့မှုအတွက် နအဖ စစ်အစိုးရက မေ ၁၈ ရက်တွင် နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှု ပုဒ်မ ၂၂ ဖြင့် အင်းစိန်အထူးတရားရုံးမှာ ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆိုခဲ့ခြင်း ဖြစ်ပါတယ်။ တရားသူကြီးဦးသောင်းညွန့်နှင့် ဦးညီညီစိုးတို့က အမှုကိုကြားနာစစ်ဆေးနေပြီး လာမယ့် ဂျူလိုင် ၃၁ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် စီရင်ချက်အမိန့် ချမှတ်မှာဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်တို့အား တရားစွဲဆိုမှုတွင် နအဖ စစ်အစိုးရဘာက်က တရားလိုပြသက်သေ ၂၃ ဦး တင်သွင်းကာ ၁၅ ဦးထွက်ဆိုခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ဘက်မှ သက်သေ ၂ ဦးကိုသာ တင်သွင်းခွင့်ရခဲ့ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် အနေအိမ်အကျယ်ချုပ်ဖြင့် ၁၃ နှစ်ကျော်ကြာ စစ်အစိုးရရဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ယခုအမှုဖြင့် တရားစီရင်ခြင်းခံရပါက ထောင်ဒဏ် ၅ နှစ်အထိ ကျခံရဘွယ်ရှိပါတယ်။

---

# ကိုဖိုးဖြူအယူခံကို တရားရုံးက လက်ခံ

**DVB ၊ ဂျူလိုင် ၂၉ ။** ။ စစ်တပ်ကလယ်သိမ်းခံရတဲ့ကိစ္စကို လိုက်ပါဆောင်ရွက်ရင်း ထောင်လေးနှစ်ကျနေတဲ့ ရှေ့နေကိုဖိုးဖြူရဲ့ အယူခံကို မကွေးတိုင်းတရားရုံးကလက်ခံခဲ့ပြီး လာမယ့်ဩဂုတ်လမှာ အပြီးသတ် ဆုံးဖြတ်ချက်ချနိုင်ဖွယ်ရှိတယ်လို့ သိရပါတယ်။

လူငယ်ရှေ့နေ ကိုဖိုးဖြူအတွက် အယူခံကို မကွေးတိုင်းတရားရုံးမှာ တင်ထားပြီး မကြာခင် လျှောက်လဲချက်ပေးတော့မယ်လို့ ကိုဖိုးဖြူရဲ့ ရှေ့နေဦးမြင့်သွင်က ပြောပါတယ်။

"ကိုဖိုးဖြူက ကျနော်တို့ကို လျှောက်လဲချက်ပေးဖို့ ချိန်းထားပြီးပါပြီ။ အပြီးသတ်လျှောက်လဲချက် မကွေးတိုင်းတရားရုံးကို တင်ထားပြီးပါပြီ။ ဒီလဆန်း ၄ ရက် နေ့လောက် အပြီးသတ်လျှောက်လဲချက် ထပ်တင်ရမယ်။ တင်ပြီး ဒုတိယလဆန်းလောက်မှ အမိန့်ချမှာ။"

ရှေ့နေကိုဖိုးဖြူဟာ ဒီမိုကရေစီနဲ့လူ့အခွင့်အရေး ထိခိုက်နစ်နာတဲ့အမှုတွေကို လိုက်ပါဆောင်ရွက်နေတဲ့ အနည်းငယ်မျှသော ရှေ့နေတွေထဲကတဦးဖြစ်ပါတယ်။ မကွေးတိုင်းက လယ်သမားတွေရဲ့ ကေထောင်ချီတဲ့ လယ်မြေတွေကို စစ်တပ်က အဓမ္မသိမ်းယူတဲ့အပေါ် လယ်သမားတွေက အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် (အိုင်အယ်လ်အို) ကို တိုင်ကြားရင်း ဖြစ်တဲ့အမှုကို လိုက်ရင်း ရှေ့နေကိုယ်တိုင် အဖမ်းခံခဲ့ရတာပါ။ ကိုဖိုးဖြူဟာ မတရားအသင်းဖွဲ့စည်းမှုနဲ့ တရားစွဲခံရပြီး ဒီနှစ်မတ်လလယ်မှာ မကွေးခရိုင်တရားရုံးက ထောင်လေးနှစ်ချကာ သရက်ထောင်ကို ပို့ဆောင်ခဲ့ပါတယ်။ သူ့ကို ထောင်ချပြီး နှစ်ပတ်အကြာမှာကျင်းပတဲ့ အိုင်အယ်လ်အို အုပ်ချုပ်ရေးအဖွဲ့အစည်းအဝေးက ကိုဖိုးဖြူအပါအဝင် အိုင်အယ်လ်အိုကိုတိုင်လို့ ဖမ်းထားသူအားလုံးကို ပြန်လွှတ်ပေးဖို့ မြန်မာအစိုးရကို တောင်းဆိုခဲ့ပါတယ်။

ကိုဖိုးဖြူရဲ့အမှုသည်ထဲက အောင်လံမြို့ သားကိုဇော်ဌေးဟာလည်း လယ်သိမ်းခံရတဲ့ လယ်သမားတွေ အိုင်အယ်လ်အိုကို တိုင်ရာမှာ ကူညီသူဖြစ်ပါတယ်။ ဒီလို ကူညီမှုကြောင့် သူဟာလည်း နိုင်ငံတော်လျို့ဝှက်ချက် ပေါက်ကြားတယ်မှုနဲ့တရားစွဲခံရပြီး ထောင် ၁၀ နှစ် ကျခံနေရပါတယ်။ ကိုဖိုးဖြူရဲ့ခရိုင်အဆင့် အယူခံတုန်းက မေလဆန်းမှာ လျှောက်လဲချက် ပေးခွင့်ရခဲ့ပြီး မေလကုန်မှာ တရားရုံးက အယူခံလျှောက်လဲချက်ကို ပယ်ချလိုက်ဖူးတဲ့ သာဓကရှိခဲ့တာကြောင့် အခုတိုင်းအဆင့် အယူခံကိစ္စကိုလည်း စောင့်ကြည့်ကြရမှာ ဖြစ်ပါတယ်။

# မော်လမြိုင်နှင့် ဟသ်ာတမြို့နယ်မှ သွေးလွန်တုပ်ကွေး အခြေအနေ

**DVB ၊ ဇူလိုင် ၂၇ ။** ။ မွန်ပြည်နယ်မော်လမြိုင်နဲ့ ဧရာဝတီတိုင်းဟသ်ာတမြို့နယ်တွေမှာ သွေးလွန်တုပ်ကွေး အဖြစ်များနေတယ်လို့ သိရပါတယ်။

လွန်ခဲ့တဲ့ တလလောက်ကတည်းက မော်လမြိုင်မြို့မှာ သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များနေပြီး ဆေးရုံမဆန့်တဲ့အခြေနေအထိရှိတယ်လို့ မြို့ခံတချို့က ပြောပါတယ်။ ကလေးရော လူကြီးပါ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နေကြပြီး သေဆုံးမှုတွေ ရှိနေတယ်လို့ ဒိုင်းဝင်ကွင်း ဒေသခံတဦးက ပြောပါတယ်။

“ဒီမှာ မိုးများတော့ မြောင်းတွေပိတ်ပြီး ခြင်တွေက အရမ်းများလာတယ်။ အစိုးရကလည်း မြောင်းတွေ မရှင်းပေးနိုင်ဘူးဆိုတော့ မြောင်းရေတွေက လမ်းပေါ် အထိ ကျော်နေတာပေါ့။ ကလေးတွေ အဖြစ်များတယ်။ ရိုးရိုးတုပ်ကွေးတောင်မှ ဖြစ်တာ တပတ်လောက်ကြာတယ်။ ဟိုတုန်းကလို ကိုယ်လက် ကိုက်တာမျိုး မဟုတ်ဘူး။ ကိုယ်မှာ အစက်အပြောက်တွေ ထွက်လာတာ။ အဖျားက ၁၀၂၊ ၁၀၃ လောက်ရှိတယ်။ ဖြစ်တဲ့လူတိုင်း အဲလိုအနေအထားရှိတယ်။”

ဒီရောဂါနဲ့ ပတ်သက်လို့ ကြိုတင်ကာကွယ်မှု ပညာပေးလုပ်ငန်းတွေရှိပေမယ့် နည်းနေသေးတယ်လို့ ဒေသခံတချို့က ပြောပါတယ်။ အဓိက အဖြစ်များတာက ဆင်ခြေဖုံးရပ်ကွက်တွေမှာဖြစ်ပြီး ဆေးကုသသူတွေ အခက်ကြုံရတဲ့ အခြေအနေကို ဒေသခံဆရာဝန်တဦးက ပြောပါတယ်။

“မြို့ထဲမှာတော့ သိပ်မဖြစ်ဘူး၊ မြို့ပြင်ဘက်က ရွာတွေဘက်မှာ အဖြစ်များတယ်။ အဓိက ကတော့ ရေမဝပ်ဖို့ အဓိကပေါ့။ ပတ်ဝန်းကျင် သန့်ရှင်းမှုရှိရင်မဖြစ်ဘူးပေါ့။ ဆေးရုံဝန်ထမ်းတွေက လူနာတွေကို အမြတ်ထုတ်တာတွေရှိတယ်။ သွေးလိုရင် တပုလင်းကို ၄ သောင်း၊ ၅ သောင်း ပေးဝယ်ရတယ်။ တကယ်ဆို သွေးစစ်တာနဲ့ဆို ၈ ထောင်လောက်ပဲရှိရမှာ။ ခုတော့ ၆ သောင်း၊ ၇ သောင်း၊ ၈ သောင်းဆိုတော့ တကယ်မတတ်နိုင်ရင် ဒုက္ခရောက်တာပေါ့။”

ဒီကိစ္စနဲ့ပတ်သက်ပြီး မော်လမြိုင် ပြည်သူ့ဆေးရုံကို ဆက်သွယ်လို့မရပါဘူး။ ဧရာဝတီတိုင်း ဟသ်ာတမြို့မှာလည်း လွန်ခဲ့တဲ့ မေလလောက်ကတည်းက သွေးလွန်တုပ်ကွေး ရောဂါ ဖြစ်ပွားနေပြီး သေဆုံးသူ အယောက် ၃၀ ခန့် ရှိပြီလို့ ဟသ်ာတမြို့ခံတဦးက ပြောပါတယ်။

“ဟသ်ာတခရိုင်အတွင်းတင် မဟုတ်ဘူး။ ပဲခူးတိုင်းထဲက ရွာတွေတောင်ပါတယ်။ ခရိုင်ကျန်းမာရေးအရာရှိတို့၊ မြို့နယ်ကျန်းမာရေး ဦးစီးအရာရှိတို့၊ ကျန်းမာရေးမှူးတို့က ကျန်းမာရေးနဲ့ ပတ်သက်ပြီး ပညာပေး ဟောပြောမှုတွေမလုပ်ဘူး။ အလုပ်မလုပ်ဘူး။ ကလေးကိုယ်ပူတော့ မိဘတွေက သွေးလွန်တုပ်ကွေးမှန်း မသိဘူး။ သိတော့ ကိုယ်ပူပြီး ၃၊ ၄ ရက်ကြာတော့မှ မြို့ကို တက်လာတယ်။ မြို့လာတော့လည်း ရထားတတန်၊ ကားတတန်နဲ့လာရတော့ အချိန်မီမပြနိုင်တော့ ဆေးရုံရောက်တော့ အသေများတာပေါ့။ မြို့ပေါ်က နယ်လောက်တော့ အခြေအနေမဆိုးဘူး။ ဆေးရုံမှာတော့ ကုတင်မလောက်လို့ ဝရန်တာတွေမှာပါ လူနာတွေ ထုတ်ထားရတယ်။ ဒီနေ့အထိ သွေးလှူတဲ့ အလှူရှင် ၃၀၀ ရှိသွားပြီ။”

ဟသ်ာတမြို့ နယ်ဆေးရုံ ကလေးဆောင်က တာဝန်ကျဆရာဝန် တဦးက “တအားတော့ မများဘူး။ ဆင်းလိုက် တက်လိုက်ပဲ” လို့ ပြောပါတယ်။

# အင်းစိန်ထောင် အနီးတဝိုက်နှင့် ရန်ကုန်မြို့တွင် စစ်တပ်များနဲ့ လုံခြုံရေးတင်းကျပ်

**DVB ၊ ဇူလိုင် ၂၇ ။** ။ ဒီကနေ့ ဒေါ်အောင်ဆန်းစုကြည် ရုံးချိန်ပြုလုပ်တဲ့ အင်းစိန်ထောင်အနီးတဝိုက် လုံခြုံရေးအခြေအနေနဲ့ ရန်ကုန်မြို့တွင်း အခြေနေကို တင်ပြပေးပါမယ်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုကြားနာနေတဲ့ အင်းစိန်ထောင်အနီးတဝိုက် ခါတိုင်းလိုပဲ လုံခြုံရေးလက်နက်ကိုင်တွေ ချထားပြီး လမ်းပိတ်ထားသလို ရန်ကုန်တိုင်းအတွင်းက မြို့နယ်တချို့မှာလည်း လုံခြုံရေးတင်းကြပ်ထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အမှု အပြီးသတ်လျှောက်လဲချက်ပေးမယ့် အင်းစိန်ထောင်ကို ဒီနေ့မနက် ၉ နာရီလောက်ကတည်းက အစောကြီးရောက်နေတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင် ကော်မတီဝင် ဦးဝင်းတင်ကပြောပါတယ်။

“ကျနော် အစောကြီးရောက်နေတဲ့ အချိန်တုန်းက လူတွေ သိပ်မရှိသေးဘူး။ လူတွေရောက်လာတော့ ကျနော်ငုံ့ပြီး စကားပြောနေတာဆိုတော့ မသိလိုက်ဘူး။ သံရုံးကားတွေ ဝင်သွားတယ်ပြောတယ်။ ကျနော်တို့ အဖွဲ့ချုပ်က ကိုအုန်းကြိုင်၊ ဒေါက်တာဝင်းအောင်၊ အမျိုးသမီးခေါင်းဆောင်တယောက်လာတယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်က ခေါင်းဆောင်တွေလာကြတယ်၊ ခါတိုင်းလာနေကျ ပုဂ္ဂိုလ်တော်တော်များများ လာကြတယ်။ ခါတိုင်းနေ့ထက် လူတော်တော်များလာတယ်။ ဒီနေ့က နေသာပြီး နောက်ဆုံးနေ့လိုဖြစ်နေတော့ ပိုများတာလား မသိဘူး။ ကျနော်တို့က သူတို့ ပိတ်ထားတဲ့ ဂိတ်နဲ့ခပ်လှမ်းလှမ်းက အောင်သုခလမ်းထိပ်မှာ ထိုင်ကြတယ်။ သီရိလမ်းတို့ တံတားထိပ်တို့မှာလည်း လူတွေ တော်တော်များများထိုင်ကြတယ်။ လူကတော့ ၈၀၀၊ ၁၀၀၀ လောက်တော့ရှိနိုင်ပါတယ်။ ထူးခြားတာက ရဲသားတွေ မတွေ့ပြန်ဘူးဗျ။”

ဦးဝင်းတင်ဟာ နှလုံးခုန်နှုန်း တအားနှေးပြီး ကျန်းမာရေးမကောင်း ဖြစ်နေတာပါ။ အင်းစိန်ထောင်ရှေ့အလာ ကမာရွတ် မြို့နယ်အတွင်း လုံခြုံရေးချထားတဲ့အခြေအနေ တွေ့ရသမျှကို အဖွဲ့ချုပ်ဝင် တဦးက ပြောပြပါတယ်။

“သမိုင်းလမ်းဆုံနဲ့ ကျွန်းတောလမ်းမှာ ဒိုင်နာကားတွေ ကြံ့ဖွံ့တွေ ရဲတွေ ချထားတာ တွေ့တယ်။ ခါတိုင်းမတွေ့ဘူး ဒီနေ့မှ တွေ့တာ။ လှည်းတန်းမှာတော့ ပိုများတယ်။ ရဲသားတွေနဲ့ ဒိုင်နာကား ၂ စီး၊ ၃ စီး တွေ့တယ်။”

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ရွှေတိဂုံဘုရားတက် ဝတ်ပြုပြီး အင်းစိန်ထောင်ကို အလာလမ်းမှာ အနှောင့်ယှက်ခံရတဲ့အခြေနေနဲ့ ပတ်သက်လို့ အဖွဲ့ချုပ်ဝင် နော်အုန်းလှ ပြောပြတာကတော့…

“ကားကို စစ်တာပါ။ အန်တီတို့ကို မတားဘူး။ ဘုရားက ဆင်းလာပြီး ၈ နာရီ၊ ၉နာရီလောက် မှာ လစ်လမ်းမှာ တခါ စစ်တယ်။ မြေနီကုန်းမရောက်ခင်မှာ စစ်တယ်၊ မဟာမြိုင်မှာ စစ်တယ်။ စိုက်ပျိုးရေးမှာ စစ်တယ်။ လှည်းတန်းမှာ တနေရာ စစ်တယ်၊ နောက်ဆုံး သမိုင်းလမ်းဆုံမှာ ရဲတွေ တက်လာတယ် ကွက်ကြည့်ကွက်ကြည့်လုပ်ပြီး ပြန်ဆင်းသွားတယ်။ အင်းစိန်ထောင်ရှေ့ကို ၁၁ နာရီမှ ရောက်တယ်။ ကားသမားကို စိတ်ညစ်အောင်လုပ်တာပေါ့။ ကားသမားကလည်း အန်တီတို့ အုပ်စုတက်လာမှ ဒါစစ်တာကို သိတယ်။ ကားကို ရပ်ခိုင်းပြီး ကားရှေ့မှာ ဓာတ်ပုံတွေရိုက်ပြီး ကားနံပါတ်တို့ယူလိုက်တာပေါ့။ ကားသမားကတော့ စိတ်ညစ်တာပေါ့။ ဘာမှမဟုတ်လည်း ကားကို အပြစ်ရှာတာပေါ့။”

နော်အုန်းလှ ဦးဆောင်တဲ့အဖွဲ့ဟာ ပြီးခဲ့တဲ့အပတ် သောကြာနေ့က အင်းစိန်ထောင်ကို အလာ ၂ နာရီ၊ ၃ နာရီ ကြာ စစ်ဆေးမေးမြန်းခံခဲ့ရပါတယ်။ နေအိမ်အကျယ်ချုပ်ချ တားဆီးမိန့်ဖောက်ဖျက်မှုနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုထားတာ လက်မခံနိုင်ကြောင်းနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အားပေးတဲ့အနေနဲ့ အဖွဲ့ချုပ်ဝင်တွေ အပါအဝင် ရာနဲ့ချီတဲ့ ပြည်သူလူထု ကျောင်းသားတွေဟာ ဒေါ်အောင်ဆန်းစုကြည် ရုံးချိန်းနေ့တိုင်း အင်းစိန်ထောင်ရှေ့သွားပြီး ဆန္ဒဖော်ထုတ်နေကြတာ ဖြစ်ပါတယ်။

# ဒေါ်အောင်ဆန်းစုကြည် စီရင်ချက်ချမယ့်အပေါ် အတိုက်အခံများ၏ သဘောထား

**DVB ၊ ဂျူလိုင် ၃၀ ။** ။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုကို လာမယ့်သောကြာနေ့ ဇူလိုင်လ ၃၁ ရက်နေ့မှာ ဒီအမှုကို စီရင်ချက်ချမယ့်ကိစ္စနဲ့ပတ်သက်ပြီး ပြည်ပရောက် အတိုက်အခံအဖွဲ့တွေရဲ့အမြင်သဘောထားကို တင်ပြပေးပါတယ်။

လာမယ့် သောကြာနေ့ ၃၁ ရက်နေ့မှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုကို စီရင်ချက်ချမယ့်ကိစ္စနဲ့ ပတ်သက်ပြီး သူ့ကို ထောင်ဒဏ် အပြစ်ပေးလိမ့်မယ်လို့ ပြည်ပရောက် ဒီမိုကရေစီအင်အားစုတွေ၊ တိုင်းရင်းသားအင်အားစုတွေနဲ့ အမျိုးသမီးအဖွဲ့အစည်းတွေက ခန့်မှန်းပြောဆိုနေပါတယ်၊ ဘာကြောင့် နအဖစစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ဒဏ်ချမှတ်မှာလဲ၊ သူ ထောင်ကျခဲ့ရင် ပြည်ပရောက် အတိုက်အခံအဖွဲ့အစည်းအနေနဲ့ ဘာတွေဆက်လုပ်မလဲဆိုတဲ့ အမေးကိုတော့ ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB ရဲ့တွဲဘက်အတွင်းရေးမှူးတဦး ဦးမြင့်သိန်းက ပြောပါတယ်။

"ဥပဒေအကြောင်းအရ သူ့ကို ပြစ်ဒဏ်စီရင်လို့မရဘူးဆိုတာ ကျနော်တို့က နားလည်ထားတာမို့ ဥပဒေအရ ထောင်ချမယ်ဆိုရင် ကျနော်တို့ လက်မခံဘူး။ သို့သော် စစ်အုပ်စုရဲ့အနေအထားကို အားလုံးသိတဲ့အတိုင်းပဲ ဥပဒေအပေါ်မှာ သူကအမြဲတမ်းရှိနေတယ်။ သူ့ရဲ့ သဘောဆန္ဒအရ ထောင်ချနိုင်တဲ့ အခြေအနေမျိုးရှိတယ်လို့ ပြောလို့ရတာပေါ့။ ဘယ်လိုပဲပြောပြော ဒေါ်စုကို ထောင်ချချင်လည်း သူတို့အတွက် အင်မတန်ကြီးမားတဲ့အမှားတခုကို ကျူးလွန်လိုက်တယ် ဆိုတဲ့ အဆင့်ကို ရောက်မှာသေချာတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ကျနော်တို့ လက်မခံဘူး။ အဲ့လို ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်တဲ့ အမတွေ ကိုလည်းပဲ ကျနော်တို့က လုံးဝလက်ခံတာမဟုတ်ဘူး။ သူတို့ဆက်လုပ်မယ့် ၂၀၁၀ ရွေးကောက်ပွဲကိုလည်း လက်ခံတာမဟုတ်ဘူး။ ကျနော်တို့တိုင်းပြည်၊ ပြည်သူလူထု၊ ကျနော်တို့မျှော်မှန်းတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးအတွက်ကို ကျနော်တို့က လုပ်စရာရှိတဲ့ အလုပ်ကို အခုလည်းလုပ်နေတယ်၊ ရှေ့ဆက်ပြီးတော့ လုပ်သင့်လုပ်ထိုက်တာကို လုပ်သွားမှာဖြစ်တယ်။"

အလားတူ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု NDF ရဲ့ ဥက္ကဋ္ဌ စောဒေးဗစ်သာကဘော ကတော့ နအဖစစ်အုပ်စုအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ထောင်ချမှာလို့ ပြောပါတယ်။

"နအဖက ဘယ်သူ့မှ ဂရုစိုက်တာမဟုတ်ဘူး။ သူတို့အစီအစဉ်အတိုင်း လုပ်မှာပဲ၊ ဘာပဲဖြစ်ဖြစ် ဒေါ်အောင်ဆန်းစုကြည်ကို သူတို့အနေနဲ့က ၂၀၁၀ ရွေးကောက်ပွဲမှာ ဘေးဖယ်ထားဖို့ မတရားတဲ့ ဥပဒေအရ ၃ နှစ် သို့မဟုတ် ၅ နှစ်ပေါ့ ထောင်ချမှာ သေချာတယ်။ NDF ကတော့ နိုင်ငံရေးအရ၊ စစ်ရေးအရ ဆက်လက်တိုက်ပွဲဝင်မှာပေါ့၊ အရင်က အပစ်အခတ်ရပ်စဲရေးလုပ်ပြ၊ ညီလာခံတက်ကိုယ့်အခွင့်အရေး ကိုယ်တောင်း၊ တိုင်းရင်းသားတွေရရမယ်ဆိုပြီးတော့ ဘာမှမရဘူး။ အခုတခါ တိုင်းရင်းသားတပ်ဖွဲ့တွေကို နယ်ခြားစောင့်တပ်အဖြစ် ပြောင်းတာလုပ်နေတဲ့ကိစ္စတွေရှိတယ်။ ကျနော်တို့အနေနဲ့က အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေ ပြန်ပြီးတော့ ခိုင်ခိုင်မာမာရပ်တည်ဖို့၊ နအဖ လိမ်ညာတာတွေ ဆက်ပြီးမခံဖို့ ကျနော်တို့အနေနဲ့တိုက်တွန်းပြီး တိုင်းရင်းသားအင်အားကို ကျနော်တို့ ပြန်ပြီးစုစည်းရမှာဖြစ်ပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်ဒဏ်တခုခု စီရင်ချခဲ့ရင် မြန်မာ့ဒီမိုကရေစီအတွက် ပြည်သူလူထုနဲ့ပူးပေါင်းလုပ်ဆောင်သွားမယ်လို့ အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ WLB ရဲ့ တွဲဘက် အတွင်းရေးမှူး မတင်တင်နွယ်ကပြောပါတယ်။

"နအဖရဲ့ တကယ့်နိုင်ငံရေးလုပ်ကြံမှုပေါ့၊ သူတို့အနေနဲ့ ဒေါ်စုကို မလွှတ်ချင်ဘူး။ ဒေါ်စုကို ထိန်းသိမ်းထားပြီး ၂၀၁၀ ရွေးကောက်ပွဲရဲ့လမ်းပြမြေပုံ ၇ ဆင့်ကိုအကောင်အထည်ဖော်ချင်တဲ့အတိုင်း ဒေါ်စုကို မဖြစ်မနေ တခုခုပေါ့၊ အမိန့်ချတာ၊ နေအိမ်အကျယ်ချုပ် သို့မဟုတ် ပြစ်ဒဏ် စီရင်တာမျိုးတွေ ဖြစ်လိမ့်မယ်လို့ ကျမအနေနဲ့မြင်တယ်။ ကျမတို့ WLB အနေနဲ့တော့ ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်ဒဏ်ချလိုက်မယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး လှုပ်ရှားမှုတွေကို မြန်မာနိုင်ငံ ပြည်သူလူထုနဲ့အတူ တော်လှန်ရေးအင်အားစု အသီးသီးနဲ့အတူ ကျမတို့တတွေ ဆက်လက် ကြိုးစားလုပ်ကိုင်သွားမှာပါ၊ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် ကျမတို့နိုင်ငံ ဒီမိုကရေစီရရှိရေးအတွက် ကျမတို့တတ်နိုင်တဲ့ဘက်ကနေ အစွမ်းကုန်ကြိုးစား လုပ်ဆောင်သွားမှာဖြစ်တယ်။"

ဒေါ်အောင်ဆန်းစုကြည်အမှုကို တရားခွင်မှာ စစ်နေတာနဲ့ ပတ်သက်ပြီး ဒါဟာနိုင်ငံတော် လုပ်ကြံမှုကြီး ဖြစ်တယ်လို့ မြန်မာနိုင်ငံရှေ့နေများကောင်စီ BLC ဥပဒေရေးရာ သုံးသပ်ရေးဌာန တာဝန်ခံဦးမျိုးက ပြောပါတယ်။

"ထင်မြင်ယူဆချက်ကို ကျနော်တို့ ဥပဒေသမားတွေက မပြောဘူးဗျ။ တရားခွင်ရဲ့အချက်အလက် အပေါ်မှာမူတည်ပြီး ဥပဒေကြောင်းအရပဲ ကျနော်တို့က ပြောတယ်။ တရားခွင်မှာ စစ်ဆေးနေတာနဲ့ ပတ်သက်ပြီး ကျနော်တို့ဘာမှ မပြောလိုပေမယ့် အမှုနဲ့ပတ်သက်လို့ ကျနော်တို့ ပြောလို့ရတာကတော့ ဒီအမှုဟာ တကယ့်ကို နိုင်ငံတော်လုပ်ကြံမှုကြီးဖြစ်တယ်လို့ ကျနော်တို့ ပြောလို့ရတယ်။"

အလားတူ တိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေရဲ့ ဥက္ကဋ္ဌနွံမန်းကိုဘန်းကလည်း ဒေါ်အောင်ဆန်းစုကြည်ကို အမှုဆင်တရားစွဲဆိုခဲ့သလို ထောင်ချမယ့်ကိစ္စနဲ့ပတ်သက်ပြီး သူတို့အနေနဲ့ နအဖစစ်အုပ်စုကိုဖြုတ်ချမယ်လို့ ပြောပါတယ်။

"မတရားနှိမ့်ချပြီးတော့ ထောင်ချလိုက်တယ်ဆိုရင် ကျနော်တို့အားလုံးဟာ တိုင်းရင်းသားပြည်သူတရပ်လုံးနဲ့ လက်တွဲပြီး နအဖ စစ်အုပ်စုရဲ့ ဖက်ဆစ်စစ်အာဏာရှင်အုပ်စုကို ဆက်လက်တိုက်ပွဲဝင်သွားရမှာ ဖြစ်ပါတယ်။ အာဏာရှင်စနစ်ဆိုတာ ဘယ်တော့မှတည်မြဲမှာမဟုတ်ဘူး။ ဟစ်တလာ၊ နပိုလီယံတို့မတည်မြဲပါဘူး။ နောက်ပြီးတော့ အင်ဒိုနီးရှားတို့ ဖိလစ်ပိုင်တို့လည်း တည်မြဲခဲ့တာမဟုတ်ဘူး။ ဒါကြောင့်မို့ နအဖလည်း ဘယ်တော့မှ မတည်မြဲဘူး။ မတရားအနေနဲ့ သူတို့လုပ်ဆောင်တဲ့ဟာတွေက တနေ့မှာ ပြည်သူ့တရားခုံရုံးမှာ ပေါ်ကိုပေါ်ရမယ်။ အဲ့ဒါကြောင့် ကျနော်တို့ကတော့ ပြည်သူတရပ်လုံးနဲ့ နိုင်ငံတကာနဲ့လက်တွဲပြီး ဖြုတ်ချနိုင်တဲ့အထိ ဆက်လက်တိုက်ပွဲဝင်သွားဖို့ လိုအပ်တယ်လို့ပြောလိုပါတယ်။"

# ညွန့်ပေါင်းအစိုးရအဖွဲ့မှ ကုလသို့စာရေး

**BBC ၊ ဂျူလိုင် ၂၇ ။** ။ ကနေ့မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုကို ပြန်လည် စတင်ရာမှာ နှစ်ဘက်လျှောက်လဲချက်တွေ ပေးကြဦးမှာဖြစ်တဲ့အတွက် ပြည် ထောင်စုမြန်မာနိုင်ငံ ညွန့်ပေါင်းအစိုးရအဖွဲ့မှ ဒီအမှုနဲ့ပတ်သက်လို့ မတရားအမှု ဆင်ပုံကို ကုလသမဂ္ဂကိုစာရေး အသိပေးထားကြောင်း BBC ကို ပြောပြပါတယ်။

ညွန့်ပေါင်းအစိုးရရဲ့ နိုင်ငံခြားရေးဝန်ကြီးဦးဘိုလှတင့်မှ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းအပြင် လုံခြုံရေးအဖွဲ့ဝင်နိုင်ငံများကိုလည်း အမှုကိစ္စနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြထားကြောင်း ပြောပြပါတယ်။ မြန်မာနိုင်ငံခရီးက ပြန်ရောက်လာခဲ့တဲ့ အတွင်းရေးမှူးချုပ်ရဲ့ များပြားတဲ့တာဝန်တွေကြောင့် လူချင်းတွေ့ခွင့်မရပေမယ့် မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် အီဘာရာဟင် ဂမ်ဘာရီမှတဆင့် အမြဲဆက်သွယ်နေရင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုကိစ္စပြောပြကြောင်း ဦးဘိုလှတင့်က ရှင်းပြပါတယ်။

မြန်မာနိုင်ငံရဲ့ ၂၀၁၀ ရွေးကောက်ပွဲကို အများယုံကြည်လက်ခံအောင် ဆောင်ရွက်ရေးမှာလည်း နိုင်ငံရေးအကျဉ်းသားတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးပြီး ပါဝင်ခွင့်ပြုမှသာ ၂၀၀၈ ခု ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပေးမှသာ အောင်မြင်နိုင်မယ့်အကြောင်း ဦးဘိုလှတင့်က ဖြည့်စွက်ပြောပြပါတယ်။

# ဒီမိုကရေစီဖတ်စာ

## လွတ်လပ်မှု ၄ ရပ်

**ဖရန်ကလင် ဒီလာနို ရုစ်ဘဲ**

Franklin Delano Roosevelt

(1998-1945)

**၃၂ ဦးမြောက် အမေရိကန်ပြည်ထောင်စုသမတ**

**ကျော်ကျော်စိုး ဘာသာပြန်သည်**

မမျှော်လင့်ပဲနှင့် အမေရိကန်သမတအဖြစ် တတိယအကြိမ် မြောက်ရွေးချယ်ခံခဲ့ရသည့် ဖရန်ကလင် ဒီလာနို ရုစ်ဘဲ (၁၈၉၉–၁၉၄၅) သည် ၁၉၄၁ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်ကွန်ဂရက်၌ နှစ်ပတ်လည် မိန့်ခွန်းပြောကြားခဲ့သည်။ ထိုအချိန်တွင် ကမ္ဘာ့အခြေအနေမှာ ဒုတိယ ကမ္ဘာစစ်ပွဲကြောင့် ကောင်းမွန်ခြင်းမရှိပေ။

ဟစ်တလာ၏တပ်များက ဥရောပတိုက်ကို လွှမ်းမိုးထားသည်၊ အရှေ့အာရှတွင် ဂျပန်က ကျူးကျော်စစ်ပွဲကို ဆင်နွှဲလျက်ရှိသည်။ ၁၉၄၀ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းကပင် ပုလဲဆိပ်ကမ်းကို လျှပ်တပြက်ဝင်တိုက် ခဲ့သည်။

ထို့ကြောင့် သမတရုစ်ဘဲသည် ဝင်ရိုးတန်းနိုင်ငံများကို အာခံတိုက်ခိုက်နေသောနိုင်ငံများအတွက် အမေရိကန်၏အားပေး အမှာစကားကို ပြောကြားခဲ့လေသည်။ စစ်ပြီးလွန်ကာလ ကမ္ဘာကြီးတွင် ဘဝလုံခြုံမှုရှိစေရေးအတွက် အမေရိကန်၏ နိုင်ငံရေးနှင့် စီးပွားရေးစနစ်ကို လွတ်လပ်မှု ၄ ရပ်အပေါ်အခြေခံ၍ကျင့်သုံးသွားမည်ဟု မိန့်ခွန်းပြောကြားခဲ့လေသည်။

အားကောင်းပြီး တောင့်တင်းခိုင်မာတဲ့ ဒီမိုကရေစီ အခြေခံအုတ်မြစ်အတွက် လျှို့ဝှက်နက်နဲတဲ့အရာဆိုတာမရှိပါဘူး၊ ကျနော်တို့ ပြည်သူတွေရဲ့ နိုင်ငံရေး စီးပွားရေးစနစ်တွေအတွက် မျှော်မှန်းတဲ့အခြေခံကျ တဲ့အချက်တွေဟာ ရိုးရိုးရှင်းရှင်းလေးပါ။ အဲဒါတွေကတော့ –

– လူငယ်တွေနဲ့ တခြားသူတွေအတွက် အခွင့်အလမ်းတွေ အညီအမျှရှိဖို့ဖြစ်တယ်၊

– အလုပ်လုပ်နိုင်တဲ့သူတွေအတွက် အလုပ်အကိုင်ရှိဖို့ဖြစ်တယ်၊

– လုံခြုံမှုလိုအပ်တဲ့သူတွေအတွက် လုံခြုံမှုပေးဖို့ဖြစ်တယ်၊

– လူနည်းစုအတွက် အထူးအခွင့်အရေးတွေ အဆုံးသတ်စေဖို့ဖြစ် တယ်၊

– ပြည်သူ့လွတ်လပ်ခွင့်တွေကို လူအားလုံးအတွက် ထိန်းသိမ်း စောင့်ရှောက်ဖို့ဖြစ်တယ်၊

– သိပ္ပံပညာရဲ့တိုးတက်မှုအသီးအပွင့်တွေကို ကျယ်ကျယ်ပြန့်ပြန့် ခံစားနိုင်ဖို့နဲ့ လူနေမှုအဆင့်အတန်း မှန်မှန်တိုးတက်စေဖို့ဖြစ်တယ်၊

ဒီဟာတွေဟာ ရိုးရှင်းပြီး အခြေခံကျတဲ့အရာတွေဖြစ်တယ်၊ ဒီတွေကို ယိုယွင်းနေပြီဖြစ်တဲ့ မယုံကြည်နိုင်လောက်အောင် ရှုပ်ထွေးလှ တဲ့ ကျနော်တို့ရဲ့ ဒီကနေ့ခေတ်မီကမ္ဘာကြီးမှာ ဘယ်နည်းနဲ့မှ မျက်ခြည် အပြတ်မခံနိုင်ဘူး။

ဒီလို ပြည်သူတွေရဲ့မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေး နိုင်မှုဆို တာ ကျနော်တို့ရဲ့စီးပွားရေးနဲ့ နိုင်ငံရေးစနစ်တွေရဲ့ အတွင်းအင်အားတွေ အပေါ်မူတည်တယ်။

အနာဂတ်မှာ ဘဝလုံခြုံရေးကိုရှာဖွေဖို့ဆိုရင် ကျနော်တို့ဟာ မရှိမဖြစ်လိုအပ်တဲ့လူသားလွတ်လပ်ခွင့်အပေါ် အခြေပြုတည်ထောင်ထားတဲ့ကမ္ဘာကြီးတခုအတွက်မျှော်မှန်းကြည့်ရမယ်။

ပထမဦးဆုံးက တကမ္ဘာလုံးမှာ လွတ်လပ်စွာပြောဆိုခွင့်နဲ့ ဆန္ဒထုတ်ဖော်ပြသခွင့်ပဲ။

ဒုတိယက ကမ္ဘာကြီးပေါ်မှာ လူတိုင်းဟာ သူတို့ယုံကြည်ရာကို လွတ်လွတ်လပ်လပ်ကိုးကွယ်ပိုင်ခွင့်ပဲ။

တတိယက တောင့်တမှုတွေကနေ ကင်းလွတ်စေဖို့ပဲ၊ တကမ္ဘာလုံးအတိုင်းအတာနဲ့အညီ စီးပွားရေးအရ အဓိပ္ပာယ်ဖွင့်မယ်ဆိုရင် ကမ္ဘာပေါ်မှာရှိတဲ့ လူတိုင်းဟာ ငြိမ်းချမ်းတဲ့ဘဝမှာ လုံခြုံစိတ်ချရစွာနဲ့နေနိုင်ခွင့်ပဲ။

စတုတ္ထက ကြောက်ရွံ့ခြင်းကနေလွတ်ကင်းရေးပဲ၊ ကမ္ဘာ့ အတိုင်းအတာနဲ့အညီ အဓိပ္ပာယ်ဖွင့်ရမယ်ဆိုရင် ကမ္ဘာအနှံ့မှာ အဆင့်တခုအထိ လက်နက်လျှော့ချရေးပဲဖြစ်တယ်၊ ကမ္ဘာပေါ်မှာ ကိုယ့်အိမ်နီးနားချင်းနိုင်ငံတွေကို ရန်လိုကျူးကျော်မှုကနေ ကင်းဝေးရေး ဖြစ်တယ်။

နောက်ထပ်ထောင်စုနှစ်အတွက် မျှော်ကြည့်မနေပါနဲ့ဦး၊ ကျနော်တို့ရဲ့ခေတ်၊ ကျနော်တို့ရဲ့မျိုးဆက် ဒီနေ့ကမ္ဘာကြီးမှာ ခိုင်မာတဲ့အခြေခံတွေကို သေချာပေါက်ရရှိစေရမယ်၊ ဒါက အာဏာရှင်တွေ ရှာဖွေဖန်တီးနေတဲ့ ဆိုးညစ်တဲ့စနစ်ကိုဆန့်ကျင်တဲ့ကမ္ဘာကြီး ဖြစ်ထွန်းရေးပဲဖြစ်တယ်။

ကောင်းမွန်တဲ့လူ့အဖွဲ့အစည်းဆိုတာ လက်ဝါးကြီးအုပ်လွှမ်းမိုးတာတွေနဲ့ နိုင်ငံခြားရဲ့တော်လှန်လှုံ့ဆော်တာတွေကို စိုးရိမ်ကြောက်ရွံ့မှုမရှိပဲ ကိုယ်ရင်ဆိုင်ရမယ့်အရာတွေကို ရင်ဆိုင်နိုင်ရေးပဲဖြစ်တယ်။

အမေရိကန်သမိုင်းစတည်ကတည်းက ကျနော်တို့တတွေဟာ ငြိမ်းချမ်းတဲ့တော်လှန်ရေးကို လုပ်ဆောင်ခဲ့ကြတယ်၊ အဲဒီတော်လှန်ရေးဆိုတာက ပြောင်းလဲနေတဲ့အခြေအနေတွေနဲ့အညီ ကိုယ့်ဘာသာကိုယ် တဖြည်းဖြည်းချင်းညှိနှိုင်းပြီး လုပ်ဆောင်သွားတာမျိုးဖြစ်တယ်။

ကျနော်တို့အလိုရှိတဲ့ကမ္ဘာကြီးဆိုတာက လွတ်လပ်တဲ့နိုင်ငံတွေနဲ့ပူးပေါင်းပြီး မိတ်ဆွေရင်းချာလိုအတူလက်တွဲပြီးတော့ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းကို ထူထောင်ရေးပဲဖြစ်တယ်။

---

## ထိုင်းဝန်ကြီးချုပ်ခရီးစဉ်ဆိုင်းငံ့

**DVB၊ ဂျူလိုင် ၂၈။** ။ ထိုင်းဝန်ကြီးချုပ် အဗီဆစ်ဝေ့ချာချီဝ့ါ မြန်မာပြည်ကို လာမယ့်သောကြာနေ့မှာ သွားရောက်မယ့်ခရီးစဉ်ကို ဆိုင်းငံလိုက်တယ်လို့ သိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာစစ်အစိုးရက တရားစွဲထားတဲ့အမှုကို အဲဒီနေ့မှာ စီရင်ချက်ချဖို့ရှိတာကြောင့် ထိုင်းဝန်ကြီးချုပ်ရဲ့ခရီးစဉ်ကို ဆိုင်းငံ့တာပဲလို့ ထိုင်းအစိုး ရက သတင်းထုတ်ပြန်ပါတယ်။ မစ္စတာအဗီဆစ်ရဲ့ တရက်တာခရီးစဉ်မှာ မူးယစ်ဆေးဝါး နဲ့ လူမှောင်ခိုကူးမှုကိစ္စ ဆွေးနွေးမှာလို့ ကြေညာခဲ့ပြီးကာမှ အခုလိုထပ်ပြီးကြေညာ လိုက်တာပါ။

“မြန်မာဝန်ကြီးချုပ် သိန်းစိန်ဟာ ဒေါ်အောင်ဆန်းစုကြည်အမှုစီရင်ချက်ချဖို့အရေးနဲ့ အရေးတကြီးအလုပ်များနေလို့ ဒီလိုဆိုင်းငံ့ရတာပါ”လို့ ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူက ရှင်းပြပါတယ်။

# ဒေါ်စုကို ထောင်ချလျှင် ပြင်းထန်သည့် ဒဏ်ခတ်မှုများ နအဖ စစ်အုပ်စုခံရဖွယ်ရှိ

**DVB။ ဂျူလိုင် ၃၀။** ။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မနက်ဖြန် သောကြာနေ့မှာ ထောင်ဒဏ်အပြစ်ပေးလိုက်မယ်ဆိုရင် စစ်အုပ်စုအနေနဲ့ ပြင်းထန်တဲ့ ဒဏ်ခတ်မှုတွေကို ခံစားရလိမ့်မယ်လို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့က ကြေညာချက်ထုတ်ပြန် ပြောဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို မတရားအမှုဆင်ပြီး ရုံးတင်စစ်ဆေးနေသလို ထောင်ဒဏ်ချမှတ်ခဲ့မယ်ဆိုရင် စစ်အုပ်စုအနေနဲ့ သံဃာနဲ့ ပြည်သူလူထုအပါအဝင် ပြည်တွင်း ပြည်ပဒီမိုကရေစီအင်အားစုတွေရဲ့ ပြင်းထန်တဲ့ ဒဏ်ခတ်မှုတွေကို ရင်ဆိုင်ရမှာဖြစ်တယ်လို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့က ပြောလိုက်တာပါ။ စစ်အုပ်စုအနေနဲ့ မတရားလုပ်ရပ်တွေ ဆက်မလုပ်ဖို့ သတိပေးတဲ့အနေနဲ့ ပြောတာဖြစ်တယ်လို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးရဲ့ အထက်မြန်မာပြည်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အရှင်တိလောက က မိန့်ကြားပါတယ်။

“ကြေညာချက်ထုတ်တဲ့ အကြောင်းအရင်းက ဦးဇင်းတို့အနေနဲ့ လက်ရှိအာဏာပိုင် နအဖကို မတရားမှုတွေဆက်မလုပ်ဖို့ အတတ်နိုင်ဆုံး သတိပေးတာပါ။ ဒီပဲယင်းကိစ္စမှာ ဒေါ်စုကို အကျယ်ချုပ်ချလိုက်တုန်းက ဒေါ်စုရဲ့ လုံခြုံရေးအခြေအနေကြောင့် ထိန်းသိမ်းထားရခြင်း ဖြစ်ပါတယ်လို့ သူတို့ပြောခဲ့တယ်။ အဲ့လိုပြောပြီး အပြင်ကဝင်လာတဲ့ လူတယောက်တောင် မထိန်းသိမ်းနိုင်ဘူးဆိုရင် ဒေါ်စုရဲ့အသက်အန္တရာယ် အများကြီး စိုးရိမ်စရာအခြေအနေတယ်လို့ပြောထားတဲ့ စကားတွေနဲ့လည်း ရှေ့နောက် မညီညွတ်ဘူး။ ဒေါ်အောင်ဆန်းစုကြည်က အမှုအခြေအနေမှာ တရားမျှတမှုလုံးဝမရှိဘူးလို့ ငြင်းတဲ့အတွက် ဦးဇင်းတို့ ကြေညာချက်ထုတ်ရခြင်း ဖြစ်တယ်။”

ဒေါ်အောင်ဆန်းစုကြည် ထောင်ဒဏ်ချမှတ်ခံခဲ့ရမယ်ဆိုရင် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့အနေနဲ့ ၂၀၀၇ ခုနှစ် စက်တင်ဘာ လှုပ်ရှားမှုကိုလည်း မမေ့နိုင်သေးတဲ့အပြင် ပြည်တွင်းမှာလည်း သံဃာအဖွဲ့အစည်းအချင်းချင်းအဆက်အသွယ်တွေရှိနေတဲ့အတွက် ဒီအမှုနဲ့ပတ်သက်ပြီး အကျိုးဆက်တွေ အများကြီးဖြစ်ပေါ်လာနိုင်တယ်လို့ ကြိုပြောနိုင်ပေမယ့် ဘယ်လိုအခြေအနေမျိုးလဲဆိုတာ ကြိုမပြောနိုင်သေးဘူးလို့ အရှင်တိလောက က မိန့်ကြားပါတယ်။ တကယ်လို့ လှုပ်ရှားမှုတွေဖြစ်လာနိုင်မယ်ဆိုရင် ၂၀၀၇ စက်တင်ဘာ အရေးအခင်းထက် ပိုဆိုးသွားနိုင်တယ်လို့မိန့်ပါတယ်။

“၂၀၀၇ တုန်းက ပထမဆုံး ထွက်လာတဲ့ရက်မှာ လူတွေကို အတတ်နိုင်ဆုံး ဦးဇင်းတို့တားပါတယ်၊ ခုအချိန်မှာတော့ ပြည်သူတွေရော ရဟန်းသံဃာတွေရော အားလုံးက ပူးပေါင်းမိနေပြီ။ ပြည်သူတွေရော၊ ရဟန်းသံဃာတွေရော ပူးပေါင်းလိုက်ပြီဆိုမှတော့ ဦးဇင်းတို့ ကိုယ်တိုင် ပြည်တွင်းမှာ လှုပ်ရှားနေရတဲ့ အခြေအနေအရ သံဃာတွေကလည်း မြို့တိုင်း မြို့တိုင်းကို ချိတ်မိနေပြီ။ ဒီ အချိတ်အဆက်တွေအားလုံး ပူးပေါင်းမိတဲ့ တနေ့မှာ ပွဲက ပိုဆိုးဝါးလာလိမ့်မယ်လို့ ဦးဇင်းတို့ မျှော်လင့်ပါတယ်။”

ဒေါ်အောင်ဆန်းစုကြည်အမှုကို စီရက်ချက်ချမယ့် သောကြာနေ့မှာ လွှတ်မြောက်ရေးအတွက် မြို့ပေါင်း ၃၀ ကျော်မှာ ဝတ်ပြုဆုတောင်းကြမှာဖြစ်ပြီး ဒီဝတ်ပြုဆုတောင်းမှုတွေကို နှောင့်ယှက်မယ့် အာဏာပိုင်တွေရဲ့အန္တရာယ်ကို သံဃာတော်တွေက ဝိုင်းဝန်းကာကွယ်ပေးသွားမယ်လို့ မိန့်ကြားသွားပါတယ်။

## အမှုရက်ရွှေ့ဆိုင်းတာဟာ နအဖရဲ့နည်းပရိယာယ်ဖြစ်

**RFA။ ဩဂုတ် ၂။** ။ ဒေါ်အောင်ဆန်းစုကြည်အပေါ် အပြီးသတ်စီရင်ချက်ချ မယ့်နေ့ကို ဩဂုတ်လ ၁၁ ရက်နေ့အထိ ရွှေ့ဆိုင်းလိုက်တာဟာ စစ်အစိုးရက သူတို့အပေါ်ကျရောက်လာနိုင်တဲ့ ဆိုးကျိုးတွေလျော့နည်းသွားစေချင်လို့သာဖြစ်ကြောင်း လေ့လာသူတွေကသုံးသပ်ကြပါတယ်။

အခုလိုရက်ရွှေ့ဆိုင်းလိုက်တာဟာ မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနဲ့ အနည်းဆုံးတော့ ပြည်တွင်းပြည်ပ ဖိအားတွေအပေါ် ထည့်တွက်တန်သလောက် တွက်တယ်ဆိုတဲ့လက္ခဏာဘဲဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကိုပြစ်ဒဏ်ချဘို့ စစ်အစိုးရချီတုံချတုံဖြစ်နေတာဟာ နောက်နှစ်ရွေးကောက်ပွဲအတွင်း ဒေါ်အောင်ဆန်းစုကြည်ကို ပိတ်လှောင်ထားရေးနဲ့ ဒီလို ပိတ်လှောင်ထားတဲ့အပေါ် ပြည်ပက အမြင်ကောင်းရေးဆိုတဲ့ အရေးနှစ်ခုကြားမှာ ဟန်ချက်မျှဘို့ဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်ဒဏ်ချမှတ်ခဲ့ရင် ဆူဆူပူပူမလုပ်ကြဘို့ မကြာခင်က သတင်းစာက သတိပေးရေးသားခဲ့တာဟာ ပြည်တွင်းမကျေနပ်မှုအပေါ် စစ်အစိုးရရဲ့စိုးရိမ်မှုကို ပြသလိုက်တာဖြစ်ကြောင်း ပြောဆိုကြပါတယ်။

နိုင်ငံတကာဖိအားကို စစ်အစိုးရနောက်ဆုံးလိုက်လျောခဲ့တာဟာ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းတိုက်ခတ်အပြီး နောက်ဆုံးမှာ နိုင်ငံတကာအကူအညီတွေလက်ခံခဲ့တာဘဲဖြစ်ပါတယ်။ ဒါပေမယ့် ဒါဟာ မြန်မာစစ်အစိုးရနဲ့ အနီးကပ်ဆက်ဆံနေတဲ့ တရုတ်က မီးစိမ်းပြလိုက်လို့ဖြစ်ကြောင်း၊ အခု ဒေါ်အောင်ဆန်းစုကြည်ကိစ္စမှာတော့ တရုတ်ဘက်က ခါတိုင်းလိုပြောဆိုတာမျိုး မကြားရသေးကြောင်း၊ ဒ့ါအပြင် တရုတ်ကဖိအားပေးနေခဲ့လို့ ရက်ရွှေ့ဆိုင်းတာဖြစ်နိုင်ကြောင်း၊ တကယ်လို့ ဒါဟာ မြန်မာ့ပြည်တွင်းရေးကိစ္စသာ ဖြစ်ပါတယ်လို့ တရုတ်ကပြောလိုက်တယ်ဆိုရင် အခုအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်ဒဏ်ချမှတ်ပြီးသားဖြစ်နေနိုင်ကြောင်း သုံးသပ်ပြောဆိုကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံတကာဥပဒေအကြံပေး Mr.Jared Genser ကတော့ မြန်မာစစ်အစိုးရဟာ မဟာဗျူဟာကျကျ အချိန်ရွေးချယ်လိုက်တာဖြစ်ကြောင်း၊ ဩဂုတ်လလယ်အထိ ရက်ရွှေ့ဆိုင်းလိုက်တာဟာ အဲဒီအချိန်မှာ ကမ္ဘာတဝှမ်းက ကုလသမဂ္ဂအရာရှိတွေနဲ့ အစိုးရတွေ အားလပ်ရက်ယူကြတဲ့အချိန်ဖြစ်နေကြောင်း၊ စစ်အစိုးရရဲ့ပရိယာယ် အလုပ်ဖြစ် မဖြစ်ဆိုတာ စောင့်ကြည့်ရမှာဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ပြောဆိုလိုက်ပါတယ်။

## ဒေါ်စုပြန် လွတ်မယ်လို့ရှေ့နေတွေမျှော်လင့်

**RFA။ ဩဂုတ် ၂။** ။ ဒေါ်အောင်ဆန်းစုကြည်ကို စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်သန်းရွှေက ထောင်ချဘို့အမိန့်ပေးလိမ့်မယ်လို့ အများကယူဆပြောဆိုနေပေမယ့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတွေကတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ ပြစ်မှုကျူးလွန်ခြင်းမရှိတဲ့အတွက် တရားရုံးကနေ ကွင်းလုံးကျွတ်လွှတ်လိမ့်မယ်လို့ မျှော်လင့်နေကြောင်း ဒီကနေ့ပြောဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတဦးဖြစ်တဲ့ ဦးဉာဏ်ဝင်းက ချွင်းချက်မရှိလွှတ်ပေးလိမ့်မယ်လို့ မျှော်လင့်တဲ့အကြောင်း ပြောပါတယ်။ “ကျနော်တို့မျှော်လင့်ချက်ကတော့ ဥပဒေရှုထောင့်ကနေပြီး လုံးဝလွှတ်မြောက်မယ်၊ ကွင်းလုံးကျွတ်လွှတ်မယ်လို့ မျှော်လင့်တယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ အခုစွဲထားတဲ့ပြစ်မှုတွေလုံးဝမကျူးလွန်ဘူး၊ ဥပဒေရှုထောင့်ကကြည့်ရင် လုံးဝမကျူးလွန်ဘူး။ ဒါကြောင့် အဲဒီလိုမျှော်လင့်တာ။”

နှစ်လခွဲကြာ တရားရုံးတင်ခဲ့ပြီးနောက် ဒေါ်အောင်ဆန်းစုကြည်ကို လာမယ့် ဩဂုတ်လ ၁၁ ရက်နေ့မှာ စီရင်ချက်ချမှာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုထားတဲ့ ပုဒ်မ ၁၀–က ဟာ ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရဖြစ်ပြီး ဒီ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ တရားမဝင်တော့ကြောင်း၊ ဖျက်သိမ်းပြီးဖြစ်ကြောင်း၊ စစ်အစိုးရခေါင်းဆောင်တွေက ကြေညာပြီးသားဖြစ်တဲ့အတွက် ဒီဥပဒေ တရားမဝင်တော့ကြောင်း ဥပဒေပညာရှင်တွေက သုံးသပ်ကြပါတယ်။

ဒ့ါအပြင် ဒီ ၁၀–က လုံခြုံရေးဥပဒေအရဘဲ မစ္စတာဂျွန်ဝီလီယံယက်တောနေအိမ်ခြံဝင်းအတွင်း တိတ်တဆိတ်ဝင်ရောက်မှုမှာ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ဥပဒေချိုးဖောက်ခြင်းမရှိကြောင်း သူမရဲ့ရှေ့နေတွေကလည်း ပြောဆိုထားပါတယ်။ ပြီးခဲ့တဲ့ သောကြာနေ့က အမိန့်ချဘို့ တရားရုံးက ချိန်းဆိုထားပေမယ့် ဥပဒေ ကြောင်းအရ ပြဿနာရှိနေတဲ့အတွက် ရုံးချိန်းကို နောက်ထပ် ရွှေ့ဆိုင်းခဲ့တာဖြစ်ပါ တယ်။

# VB သူ့အမြင်

အရည်အချင်းမရှိတဲ့ နအဖစစ်ဗိုလ်ချုပ်တွေကို ဆက်ဆံနေရတာထက် အရည်အချင်းပြည့်ဝတဲ့ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ ဒီမိုကရေစီအစိုးရနဲ့ ဆက်ဆံရတာ တရုတ်နိုင်ငံအတွက် ပိုမိုအဆင်ပြေနိုင်တဲ့အကြောင်း ပီကင်းအစိုးရအနေနဲ့ ပြန်လည်စဉ်းစားသုံးသပ်နေကြောင်း ရေးသားထားတဲ့ ဆောင်းပါးရှင် တရုတ်သတင်းစာဆရာ Wen Liao ရဲ့ ဆောင်း ပါးကို ဒီတပတ်သူ့အမြင်ကဏ္ဍအဖြစ် ကူးယူဖော်ပြပါသည်။

တရုတ်ခေါင်းဆောင် တိန့်ရှောင်ဖိန်ရဲ့ အတွေးအခေါ်အယူအဆတခု ရှိပါတယ်။ "ကြောင်ဖြူ ကြောင်နက်က အရေးမကြီးပါ၊ ကြွက်ကို ကျွမ်းကျင်စွာ ခုတ်တတ်ဖို့အရေးကြီး၏" တဲ့၊ ဒီကနေ့ တရုတ်ခေါင်းဆောင်များဟာ အိမ်နည်းချင်းနိုင်ငံများအပေါ် တိန့်ရှောင်ဖိန်ရဲ့ လောဂျစ်ကို လက်တွေ့အသုံးချနေတာပါ။ အထူးသဖြင့် မြန်မာနိုင်ငံအပေါ်မှာ သိသိသာသာ အသုံးချဆက်ဆံနေတာပါ။ ဒီမိုကရက်တစ်အစိုးရပဲဖြစ်ဖြစ်၊ ထင်ရာလုပ်နေတဲ့ စစ်အာဏာရှင်တွေပဲဖြစ်ဖြစ် အရေးမကြီးဘူး။ တရုတ်နိုင်ငံရဲ့ ကိုယ်ကျိုးစီးပွားအတွက် ဘယ်လောက်ဖြစ်ထွန်းနိုင်မလဲဆိုတဲ့အပေါ်မှာ အဓိကထားဆက်ဆံနေတာပါ။ ဒါဟာ တိန့်ရှောင်ဖိန်ရဲ့ တရုတ်ပီပီ အမြင်ကျဉ်းပြီး အတ္တဆန်တဲ့ အတွေးအခေါ်အယူအဆလို့ဆိုရင် မှားမယ်မထင်ပါဘူး။

အဲဒီလို အခြေခံအကြောင်းတရားတွေ ကြောင့် နှစ်ပေါင်းများစွာ ဆက်ဆံလာခဲ့တဲ့ အတွေ့အကြုံတွေအရ တရုတ်နိုင်ငံဟာ နအဖစစ်အာဏာရှင်တွေ အပေါ်နည်းဗျူဟာပြောင်းရတော့မယ်ဆိုတာကို စဉ်းစားလာပုံရပါတယ်။ စစ်ဗိုလ်ချုပ်တွေရဲ့ စိတ်သဘောထားကို သံသယဖြစ်လာခဲ့ပါပြီ၊ နအဖစစ်ဗိုလ်ချုပ်တွေ အရည်အချင်းမရှိဘူးဆိုတာ သိလာတဲ့နောက်ပိုင်းမှာ ပီကင်းအစိုးရဟာ စိုးရိမ်စိတ်တွေရှိလာပါပြီ၊ မြန်မာ့နိုင်ငံရေးကို လျှော့တွက်ထားလို့ မရသလို မြန်မာ့ပြည်တွင်းရေး ပြဿနာတွေကြောင့် တရုတ်နိုင်ငံရဲ့အနာဂါတ်မှာ ဆိုးဝါးတဲ့ အကျိုးဆက်တွေ ဖြစ်လာနိုင်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းသိလာပါပြီ။

ထောက်ခံအားပေးကူညီထားတဲ့ တရုတ်ရဲ့မဟာမိတ်ဖြစ်တဲ့ အိမ်နည်းချင်း မြောက်ကိုရီးယားနဲ့ မြန်မာနှစ်နိုင်ငံကို ဆက်လက်ထောက်ခံဖို့ အခက်အခဲတွေ အများကြီးဖြစ်လာပါပြီ။ ပြင်ပနိုင်ငံတွေမှာဖြစ်ပေါ်နေတဲ့ မတည်ငြိမ်မှုတွေဟာ ပြည်မကြီးရဲ့သိမ်မွေ့ နုနယ်သော နိုင်ငံရေးမတည်မငြိမ်ဖြစ်လာမှာကို အထူးစိုးရိမ်နေတာဖြစ်ပါ၊ နယ်စပ်ဒေသ သို့မဟုတ် ပြည်နယ်တွေကဖြစ်လာနိုင်တဲ့ မတည်ငြိမ်မှုတွေကတဆင့် ပြည်တွင်းမငြိမ်မသက် ဖြစ်လာမှာကို တရုတ်အာဏာပိုင်တွေအထူး စိုးရိမ်ကြောက်ရွံ့နေတယ်ဆိုတာ လတ်တလော ဇန်ကျင်း ပြည်နယ်အရေးအခင်းအပေါ် တရုတ်အစိုးရရဲ့ တုန့်ပြန်မှုကို ကြည့်ရင် အထင်အရှားမြင်တွေ့ရမှာဖြစ်ပါတယ်။ လူအယောက် ၂၀၀ ကျော်သေဆုံးခဲ့ရပြီး အများအပြားဒဏ်ရာရရှိခဲ့တဲ့ ဒီအရေးအခင်းကနေတဆင့် နယ်စပ်မတည်ငြိမ်မှုတွေ၊ ဒုက္ခသည်တွေတိုးပွားလာမှာကို တရုတ်အစိုးရဟာ သိပ်ကိုစိုးရိမ်နေတာပါ။

တကယ်လို့အိမ်နည်းချင်းနိုင်ငံတွေမှာ မတည်မငြိမ်ဖြစ်မှုတွေ ကိုယ်ကျိုးစီးပွားပျက်စီးမှုတွေဖြစ်ပေါ်နေပါက တရုတ်နိုင်ငံအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ ကိုယ်ကျိုးစီးပွားနဲ့ စည်းလုံးညီညွတ်ရေးတို့ကို အန္တရာယ်ဖြစ်လာနိုင်တဲ့အတွက် ဒါကို ကြိုတင်ကာကွယ်လုပ်ဆောင်သွားမယ်လို့ တရုတ်နိုင်ငံတော်လုံခြုံရေးအေဂျင်စီက ဆိုပါတယ်။ အိမ်နည်းချင်း နိုင်ငံတွေမှာ စီးပွားရေးပျက်ပြီး မတည်မငြိမ်ဖြစ်လာလို့ ဆန့်ကျင်အုံကြွမှုတွေကြောင့် တရုတ်နယ်မြေထဲကို ထွက်ပြေးလာကြမယ့် ဒုက္ခသည်တွေအရေးကိုလည်း တရုတ်အစိုးရက စိုးရိမ်နေတာပါ။ ဒ့ါအပြင် တရုတ်အစိုးရဟာ ကိုရီး ယားနှစ်နိုင်ငံပေါင်းစည်းညီညွတ်သွားရင် ဂျပန်နိုင်ငံလို အင်အားကြီးလာပြီး ပြောမရဆိုမရဖြစ်လာနိုင်နိုင်တာမို့ ကိုရီးယားနှစ်နိုင်ငံ ခွဲထားရေးဟာ တရုတ်အစိုးရရဲ့ အရေးကြီးတဲ့ အဓိကရည်မှန်းချက်ဖြစ်ပါတယ်။

ဒါကြောင့်လည်း မြောက်ကိုရီးယား နယူးကလီးယားပြဿနာကိစ္စ ဖ နိုင်ငံကော်မတီမှာ တရုတ်ပါဝင်နေရတာ မဆန်းပါဘူး။ မြောက်ကိုရီးယားနိုင်ငံရဲ့ မတည်မငြိမ်ဖြစ်နေတဲ့ စီးပွားရေးအခြေအနေမှာ အနောက်နိုင်ငံ တွေက စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုလိုက်တဲ့အတွက် တရုတ်အစိုးရအနေနဲ့ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအီးလ်ကို ပြောရဆိုရသိပ်ခက်သွားပါတယ်။ ဒါကြောင့်လည်း မြောက် ကိုရီးယားအစိုးရအပေါ် တရုတ်ခေါင်းဆောင်တွေ ဩဇာအရှိန်ကျဆင်းလာနေတာပါ။

မြောက်ကိုရီးယားနဲ့ဆက်ဆံရေး မပြေမလည်ဖြစ်ခဲ့ရသလို မဖြစ်ရလေအောင် နအဖစစ်ဗိုလ်ချုပ်တွေကို သတိထားဆက်ဆံသွားမယ့်ပုံရှိပါတယ်။ အိန္ဒိယသမုဒ္ဒရာပတ်ဝန်းကျင် မြန်မာပိုင်ပင်လယ်ပြင်မှာ တရုတ်အစိုးရက ရေတပ်စခန်းနဲ့ ထောက်လှမ်းရေးရေဒါစခန်းတွေတည်ဆောက်ခွင့်ပြုထားတာတွေဟာ တရုတ်အစိုးရနဲ့ နအဖစစ်အုပ်စုရဲ့ ဆက်ဆံရေးအတိမ်အနက်ကို တွေးဆနိုင်ပါတယ်။ ဒါဟာ တရုတ်နိုင်ငံအတွက် တန်ဖိုးကြီးကြီးမားမားရရှိနေတာဖြစ်ပါတယ်။ ဗမာပြည်ဟာ တရုတ်နိုင်ငံရဲ့ အစိတ်အပိုင်းတခုဖြစ်နေပြီလားလို့ မေးခွန်းထုတ်စရာပါ။ တရုတ်အစိုးရရဲ့အခိုအရ နှစ်နိုင်ငံဆက်ဆံရေးဟာ String of pearls ပေါ်လစီအပေါ်မှာ အခြေခံတာဖြစ်တယ်လို့ဆိုထားပါတယ်။

သေချာတခုကတော့ တရုတ်အစိုးရဟာ ဗမာနိုင်ငံမှာ အရည်အချင်းမရှိတဲ့ စစ်ဗိုလ်တွေ ထင်သလိုအုပ်ချုပ်နေတာထက်စာရင် ဒေါ်အောင်ဆန်းစုကြည် စနစ်တကျအုပ်ချုပ်ပါက တရုတ်နိုင်ငံအတွက် သေချာစိတ်ချရတဲ့ အခြေအနေတွေဖြစ်လာနိုင်မလားဆိုတာကို မသိမသာ လေ့လာသုံးသပ်ဆန်းစစ်နေပုံရပါတယ်။

ဒီကနေ့တရုတ် မြန်မာနယ်စပ်အခြေအနေကို ကြည့်ရင် ဥပဒေမဲ့ အဆိပ်အတောက် မျိုးစုံဟာ မြန်မာဘက်ကနေ တရုတ်ပြည်ထဲဝင်နေတာပါ။ နယ်စပ်မှာ သောင်းကြမ်းနေတဲ့ သူပုန်တွေဟာ တရုတ်နယ်ထဲ ဝင်လိုက် ထွက်လိုက်လုပ်နေပြီး မူးယစ်ဆေးဝါးနဲ့ AIDS တွေကို တရုတ်ပြည်ထဲပို့ဆောင်နေတာပါ။ ဒီလို တင်သွင်းနေတဲ့ သူပုန်သောင်းကြမ်းသူတွေကို နအဖစစ်တပ်အရာရှိတချို့ကမွေးမြူထားတာပါ။ မူးယစ်ဆေးဝါးတွေကို ထုတ်လုပ်နေတဲ့ သူပုန်တပ်ဖွဲ့တွေကို ထိထိရောက်ရောက်နှိပ်နင်း ဖို့ပျက်ခဲ့တာ နှစ်နဲ့ချီကြာပါပြီ။ မူးယစ်ဆေးတွေနဲ့ AIDS ရောဂါတွေ ဝင်ရောက်နေတဲ့ တရုတ်နိုင်ငံရဲ့တောင်ပိုင်းပြည်နယ်တွေမှာ တိုင်းရင်းသားမျိုးစုံနေထိုင်ကြပြီး။ အဲဒီဒေသမှာ တရုတ်နိုင်ငံရဲ့ ပထမဆုံးနဲ့ကျယ်ကျယ်ပြန့်ပြန့် HIV ကူးစက်ရောဂါခံနေကြရတာပါ။

နအဖစစ်ဗိုလ်ချုပ်တွေဟာ တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေတွေမ ဖြစ်နိုင်ဘူးဆိုတာ ထင်ရှားလာပါတယ်။ အာဆီ ယံအဖွဲ့ရဲ့ မတူတဲ့ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံကို ထည့်မတွက်ပဲ၊ တရုတ် အိန္ဒိယအပါအဝင် အာဆီယံအဖွဲ့နဲ့ လက်တွဲလုပ်ဆောင်ကြမယ့် ယေ ဘုယျ လုပ်ထုံးလုပ်နည်းတွေကို နအဖစစ်ဗိုလ် ချုပ်တွေ မစောင့်စည်းနိုင်ပဲ ဖောက်ဖျက်နေတာ အကြိမ်ကြိမ်ရှိပါပြီ။ လတ်တလော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr.Ban Ki-Moon မြန်မာနိုင်ငံခရီးစဉ်အပြန် ပြောဆိုရှင်းလင်းချက် တွေဟာ ဒေါ်အောင်ဆန်းစုကြည်

**စာမျက်နှာ ၁၃ သို့**

**ဂျူလိုင် ၂၅၊ IRRAWADDY**။ ။ နအဖ ၏ မိမိအမှုအချိန်ဆွဲနှောင့်နှေးမှုများကို မကျေနပ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှဆိုကြောင်း ရှေ့နေဦးဥာဏ်ဝင်းမှဆို၏။

**ဂျူလိုင် ၂၇၊ Guardian LDN** ။ ။ မြန်မာစစ်အာဏာရှင်စနစ်သည် လုံခြုံရေးကောင်စီတွင် တရုတ်နှင့်ရုရှားအကူ၊ အိမ်နီးချင်းထိုင်း၊ အိန္ဒိယစက်ာပူတို့၏ မြန်မာ သယံဇာတလောဘတို့ကြောင့် သက်ဆိုးရှည်နေကြောင်း Tom Fawthrop မှသတင်းဝေဖန်၏။

**ဂျူလိုင် ၂၇၊ DUBLIN**။ ။ ဒေါ်အောင်ဆန်းစုကြည်အား အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ Amnesty International မှ အမြင့်ဆုံးဆု မှန်ကန်သောအသိနှင့် ကိုယ်ကျင့်တရားသံတမန် Ambassador of Conscience ဆုကို ဒေါ်စု ပထမဆုံးအဖမ်းခံရသည့် ၁၉၈၉ ဂျူလိုင် ၂၀ နှစ်လည်နေ့တွင် အပ်နှင်းရာ ယူတူးအဖွဲ့ မှ ကြေညာ၏။

**ဂျူလိုင် ၂၇၊ SHAN** ။ ။ ရှမ်းပြည်နယ်တပ် မြောက်ပိုင်းအား အာရုံစူးစိုက်နောက်ယောင်ခံရန် လားရှိုးရှိ စစ်တပ်ရေးရာလုံခြုံရေးသည် ညွှန်ကြားချက်ရထားကြောင်း ထိုင်း–မြန်မာနယ်စပ် သတင်းရပ်ကွက်မှဆို၏။

**ဂျူလိုင် ၂၇၊ Narinjara** ။ ။ ကျည်ဆံပြောက်၍ကြောက်ပြီးတပ်ပြေးသူ နအဖတပ်မှ ရခိုင်သုံးဦးအား ဘင်္ဂလားဒေ့ရှ်တပ်မှ နအဖသို့ပြန်အပ်ရာ သူတို့၏ကံကြမ္မာ မသိရကြောင်း။

**ဂျူလိုင် ၂၇၊ SITTWE** ။ ။ ဆန်ကုန်သည်များ အသင်းကြေးတလကျပ်တစ်သောင်းပေးရ၍ စစ်တွေတွင် ဆန်စျေးတက်ရာ ပေါ်ဆန်းမွှေးတအိတ် ကျပ် ၁၈၀၀၀ မှ ၂၅၀၀၀ ဖြစ်ခဲ့၏။

**ဂျူလိုင် ၂၇၊ DVB**။ ။ အမျိုးသားပြန်လည်ရင်ကြားစေ့မှုမရှိသ၍ လာမည့် နအဖ ၏၂၀၁၀ ရွေးကောက်ပွဲသည် အချည်းနှည်းဖြစ်မည်ဟု ဒေါ်အောင်ဆန်းစုကြည်မှ မြန်မာစစ်အုပ်ချုပ်ရေးအဖွဲ့ နအဖ သို့ ထပ်မံအကြံပြုသတိပေးလိုက်၏။

**ဂျူလိုင် ၂၇၊ DVB**။ ။ နအဖ သည် ရွေးကောက်ပွဲရလဒ်ပေါ်မှီ၍ အနိုင်ရအဖွဲ့သို့ အာဏာလွှဲပေးမှုတွင် ပြည်သူများအံ့အားသင့်မည်ဟု နအဖ ဗိုလ်ချုပ်သန်းရွှေမှ ဆိုထားကြောင်း။ သို့သော် ကြားဖြတ်အစိုးရအဖွဲ့ဝင်စာရင်း ယခုတိုင်မသိရသေးကြောင်း။

**ဂျူလိုင် ၂၈၊ Mizzima**။ ။ ထောင်မှလွတ်စ အဲန်အဲလ်ယ်ဒီရှေ့နေ ဦးညီညီထွေးသည် မိမိလက်ရှိထိလုပ်ငန်းသည် အာဏာပိုင်များနှောင့်ယှက်မှုများကြောင့် စီးပွားမဖြစ်ဟုဆို၏။

**ဂျူလိုင် ၂၈၊ SHAN**။ ။ နအဖ ၏ လားဟူတပ်ဖွဲ့များအပေါ် လိုက်လျောမှု ရာထူးဖြင့်မြှားမှုများအပေါ် လားဟူထိပ်သီးများ အနေခက် သံသယဝင်နေကြောင်း။

**ဂျူလိုင် ၂၈၊ WTN**။ ။ အိုဘားမား အမေရိကန်အစိုးရသည် နအဖ အပေါ်ပိတ်ပင်တားဆီးမှုများ နောက်တနှစ်ဆက်လက်လုပ်ရန် အတည်ပြုလက်မှတ်ရေးထိုးခဲ့၏။

**ဂျူလိုင် ၂၉၊ Narinjara**။ ။ မီးရထားစလီပါတုံးကို တတန်လျှင်ကျပ် ၁၈၀၀၀၀ ဖြင့် ကန်ထရိုက်သွင်းသူထံမှ အစိုးရအဖွဲ့သုံးခုသည် ကျပ် ၃၀၀၀၀ ဖြတ်ကြောင်း ကန်ထရိုက်မှဆို၏။

**ဂျူလိုင် ၂၉၊ VOA** ။ ။ ဒေါ်အောင်ဆန်းစုကြည်၏ အမှုစီရင်ချက်ချမည့်နေ့တွင် မည်သည့်စီရင်ချက်ချမည်ကို ကြိုတင်ပြောဆိုခန့်မှန်း ဟောခြင်း စသည်များမပြုရန် မြန်မာ့အလင်းသတင်းစာမှ လူထုသို့သတိပေး၏။ ဒေါ်အောင်ဆန်းစုကြည်အား ထားရှိသည့် အင်းစိန်ထောင်လမ်းဆုံများတွင်လည်း စစ်ဆေးမှုများပြုနေ၏။

**ဂျူလိုင် ၂၉၊ Mizzima**။ ။ ကချင်ဘာသာရေးခေါင်းဆောင်များနှင့် နအဖ မြောက်ပိုင်းတိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းတို့ KIO အား နယ်စပ်တပ်အဖြစ် ပြောင်းရေးဆွေးနွေး၏။

**ဂျူလိုင် ၂၉၊ Mizzima**။ ။ ဒေါ်အောင်ဆန်းစုကြည်အား အမှုထင်ရှားအပြစ်ချမှတ်လျှင် နအဖ အားအပြုတ်တိုက်ရန် တာမွေတွင် လှုံ့ဆော်စာများ ဖြန့်ဝေခဲ့ကြောင်း။

**ဂျူလိုင် ၂၉၊ DVB**။ ။ စစ်တပ်၏လယ်သိမ်းခြင်းခံရသူ လယ်သမားများဘက်မှ အမှုလိုက်ဆောင်ရွက်၍ ထောင် ၄ နှစ်ကျသူ လူငယ်ရှေ့နေဦးဖိုးဖြူ၏အမှု အယူခံမှုကို မကွေးတိုင်းအယူခံတရားရုံးမှ လက်ခံလိုက်ကြောင်း။

**ဂျူလိုင် ၂၉၊ RGN**။ ။ မိမိအမှုဆုံးဖြတ်ချက်သည် ဝမ်းနည်းဖွယ်သိသာထင်ရှားကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ သံတမန်များသို့ဆို၏။ သူမ၏ရှေ့နေ အဲန်အဲလ်ယ်ဒီ ဦးဥာဏ်ဝင်းမှမူ နိုင်ငံရေးကြောင့် အကွက်ဆင်အမှုအစွဲခံရသူ တဦးတယောက်မှ အမှုနိုင်ကာ လွတ်လာသည်ကို မိမိတခါမှမကြားဖူးဟုဆို၏။

**ဂျူလိုင် ၂၉၊ DVB**။ ။ မြန်မာတွင်း နိုင်ငံခြားမှ ရေနံဆီစွမ်းအင်ဖက်တွင် ရင်းနှီးမြှုပ်နှံမှုသည် ရင်းနှီးမြှုပ်နှံသော ထိုအိမ်နီးချင်းနိုင်ငံများကို အကျိုးပြုပြီး မြန်မာပြည်သူများအား အကျိုးမပြု၍ Burma Rivers Network(BRN), Shwe Gas Movement(SGM), Ethnic Community Development Forum(ECDF) စသည့် လူထုအဖွဲ့အစည်းများမှ အာဆီယံ၏ မြန်မာတွင်မြှုပ်နှံမှုကို ရပ်တန့်ရန် ပြစ်တင်ဝေဖန်နေကြ၏။

**ဂျူလိုင် ၂၉၊ Irrawaddy**။ ။ ဟတ်ကြီးနှင့်တန်ဆိုင်း ရေအားစွမ်းအင်စီမံကိန်းများကို ဩဂုတ် ၅ မန္တလေး အာဆီယံအပေါင်း ၃ ဆွေးနွေးပွဲတွင် ဆွေးနွေးရန် ထိုင်းမှ ပြင်ဆင်နေ၏။

**ဂျူလိုင် ၂၉၊ Narinjara**။ ။ နအဖတပ်သည် အိန္ဒိယနယ်စပ်မှ အစာချို့တဲ့ဆင်းရဲမိသားစုများမှ လူငယ်များအား စစ်ထဲဝင်ရန် ကျပ်တသိန်းနှင့် ဆန် ဆီ ဆား ငွေတ်ပေးမျှားနေ၏။

**ဂျူလိုင် ၃၀၊ DVB**။ ။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မနက်ဖြန် သောကြာနေ့မှာ ထောင်ဒဏ်အပြစ်ပေးလိုက်မယ်ဆိုရင် စစ်အုပ်စုအနေနှင့် ပြင်းထန်တဲ့ ဒဏ်ခတ်မှုတွေကို ခံစားရလိမ့်မယ်ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့မှ ကြေညာချက်ထုတ်ပြန် ပြောဆိုသည်။

**ဂျူလိုင် ၃၀၊ RFA**။ ။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို စီရင်ချက်ချမယ်ဟုပြောထားသည့် ဂျူလိုင် ၃၁ ရက်မတိုင်ခင်ညက ရန်ကုန်တိုင်းနှင့် မကွေးတိုင်းအတွင်းမှ အဲန်အဲယ်ယ်ဒီပါတီဝင် ၃၀ နီးပါးကို သက်ဆိုင်ရာက လိုက်လံဖမ်း ဆီးထိန်းသိမ်းခဲ့ကြောင်း ။

**ဂျူလိုင် ၃၀၊ DVB**။ ။ ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ချလိုက်မည်ဆိုပါက စစ်အုပ်စုအနေနှင့် ငရဲမီးကို မြိုရသလိုဖြစ်နိုင်ကြောင်း။ အဘယ်ကြောင့်ဆိုသော် ဤကိစ္စနှင့်ပတ်သက်၍ ပြည်သူ၏တုံ့ပြန်မှုသည် အလွန်ကြီးမားသည့် ပုံသဏ္ဍာန်ပေါ်ထွက်လာမှာဖြစ်ကြောင်း။

# ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး ဆုတောင်းသူများ နှောင့်ယှက်ခံရ

**DVB၊ ဂျူလိုင် ၂၇။** ။ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအတွက် သူ့ရုံးချိန်းနေ့ ဒီကနေ့မှာ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနဲ့ ဧရာဝတီတိုင်းတို့က မြို့နယ် ၃၀ ကျော်မှာ ဝတ်ပြုဆုတောင်းမှုတွေ ပြုလုပ်ကြပါတယ်။

ဒီနေ့ မနက် ၉ နာရီလောက်က မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးမှာ အဖွဲ့ချုပ် အဖွဲ့ဝင်တွေနဲ့ လူငယ်အယောက် ၃၀ က အောင်သပြေပန်းတွေနဲ့ ဝတ်ပြုဆုတောင်းကြပါတယ်။ အာဏာပိုင်တွေက လုံခြုံရေးတွေ တင်းကျပ်ထားသလို မန္တလေးမြို့နယ်မှာရှိတဲ့ ရယကရုံးတွေမှာလည်း အရင်ရက်တွေကနဲ့ မတူဘဲ စစ်တပ် တပ်စိတ်တခုစီချထားတယ်လို့ အဖွဲ့ချုပ်ဝင်တယောက်က ပြောပါတယ်။ လုံခြုံရေးတွေ တင်းကျပ်ထားတာနဲ့ ပတ်သက်ပြီးတော့ အဲဒီအဖွဲ့ချုပ်ဝင်က သူ့အမြင်ကိုပြောပါတယ်။

"ဒီနေ့အတွက် စိုးရိမ်တယ်။ ခါတိုင်း လုံခြုံရေးက မန္တလေးမြို့ပေါ်မှာထားတာ။ အခုက ဘုရားပေါ်မှာ ကျနော်တို့အဖွဲ့ချုပ်လူငယ်တွေ ဆုတောင်းမယ်ဆိုတာသိလို့ သူတို့တွေလာပြီး သတင်းယူ ဓာတ်ပုံရိုက်တယ်။ မနေ့က မြို့နယ် ၄ မြို့နယ်မှာရှိတဲ့ ရယကရုံးတွေမှာ တပ်စိပ် ၁ စိပ်လောက်ရှိတဲ့ စစ်တပ်တွေရောချထားတာရှိတယ်။ မနက်ဖြန်တော့ သွားပြီထင်တာပဲ။ အမိန့်ချမယ် ဆိုရင် ပြည်သူလူထု ကျေနပ်လို့ တခုခုလုပ်မှာကို သူတို့က စိုးရိမ်လို့ကြိုတင်ပြီး ကာကွယ်တဲ့ အနေအထားလို့ယူဆတယ်။"

မကွေးတိုင်းရေနံချောင်းမြို့မှာလည်း ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအတွက်သွားရောက်ဝတ်ပြုမယ့် အဖွဲ့ချုပ်ဝင်တွေကို မြို့နယ် ဒုရဲမှူးမြင့်အောင်က ၃ နာရီကြာ ခေါ်တွေ့ပြီး ဘုရားပေါ်ဝတ်ပြုဆုတောင်းပွဲမလုပ်ဘဲ မိမိအိမ်မှာပဲလုပ်ဖို့ မေတ္တာရပ်ခံတယ်လို့ ရေနံချောင်းမြို့နယ် စည်းရုံးရေးကော်မတီဝင်ဦးသန်းအောင်က ပြောပါတယ်။

"ရေနံချောင်းမြို့နယ်မှာ လှုပ်ရှားမှုတွေ ခပ်စိပ်စိပ်ဖြစ်လာတော့ အထက်အဖွဲ့အစည်း အဆင့်ဆင့်က စိုးရိမ်ကြောင့်ကြမှုရှိတယ်ဆိုတဲ့အကြောင်းနဲ့ ဘုရားတွေမှာ ဝတ်ပြုဆုတောင်းတာ မလုပ်ဘဲနဲ့ အိမ်မှာပဲလုပ်ဖို့ မေတ္တာရပ်ခံတယ်။ ကျနော်တို့ ဒီဝတ်ပြုဆုတောင်းပွဲလုပ်တယ်ဆိုတာ ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးအတွက် ကိုယ့်ဘက်က အဖွဲ့ဝင်တွေနဲ့ အနိမ့်ဆုံးလုပ်ပေးနိုင်တာလေးကို လုပ်ပေးတာဖြစ်တယ်။ ကျနော်တို့မှာ ဆူပူလိုတဲ့ ရည်ရွယ်ချက်တွေ၊ ဆန္ဒပြပွဲတွေဖြစ်အောင်လုပ်တဲ့ ရည်ရွယ်ချက်တွေမရှိဘူး၊ အေးအေးဆေးဆေး ဘုရားဝတ်ပြုဆုတောင်းမယ်၊ ဆုတောင်းပြီးရင် လူစုခွဲမယ်လို့ ကျနော်တို့ဘက်က လုပ်ငန်းဆောင်တာကို ရှင်းပြခဲ့တယ်။"

ရန်ကုန်မြို့မှာလည်း အဖွဲ့ချုပ်ဝင် နော်အုန်းလှ ဦးဆောင်တဲ့အဖွဲ့က ရွှေတိဂုံဘုရားမှာ ဝတ်ပြုဆုတောင်းရာမှာ ရွှေတိဂုံဘုရားမှာ အရင်နေ့တွေထက်ပိုပြီး လုံခြုံရေးတင်းကျပ်တယ်လို့ နော်အုန်းလှကပြောပါတယ်၊ တွံတေးမြို့မှာလည်း အဖွဲ့ချုပ်ဝင် ကိုဇော်မင်းထွန်းဦးဆောင်တဲ့ လူအယောက် ၃၀ လောက်က ဘုရားတွေမှာ သပြေပန်းတွေနဲ့ ဆုတောင်းခဲ့ကြသလို မေတ္တာသုတ်ရွတ်ဆိုခဲ့ပြီး ခိုတွေလွှတ်ခဲ့ပါတယ်။ မန္တလေးတိုင်း ညောင်ဦးမြို့မှာလည်း ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအတွက် ရွှေစည်းခုံဘုရားမှာ ဝတ်ပြုဆုတောင်းဖို့ စီစဉ်ထားပေမယ့် အဲဒီဘုရားမှာ လုံခြုံရေး တင်းကျပ်တဲ့အတွက် မြတ်သစ်တောင်ရှင် ဂေါဓမ္မဘုရားမှာပြောင်းပြီး ဝတ်ပြုခဲ့ကြတယ်လို့ အဖွဲ့ချုပ်ဝင် ကိုဝသုန်က ပြောပါတယ်။ မိတ္ထီလာမြို့မှာလည်း မြို့နယ်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးနဲ့အဖွဲ့က အင်္ကျီဖြူတွေဝတ်ဆင်၊ သပြေပန်းတွေကိုင်ဆောင်ပြီး ရွှေမြင်နေစေတီကို သွားရောက်ဝတ်ပြုဆုတောင်းခဲ့ပါတယ်။ သာစည်မြို့က ဆုတောင်းပွဲအခြေနေကိုတော့ သာစည်အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးသန်းဆောင်က ပြောပါတယ်။

"ရပ်ကွက်ထဲမှာရှိတဲ့ ဆုတောင်းပြည့်ဘုရားကို ကျနော်ရယ်၊ ဦးလှမြင့်ရယ်ဦးဆောင်ပြီးတော့ ဆီမီး ၂၇ တိုင်၊ အမွှေးတိုင် ၂၇ တိုင်၊ သပြေက ၂၇ ခက်၊ ဒေါ်အောင်ဆန်းစုကြည် အမြန်ဆုံးလွှတ်မြောက်ဖို့ ဆုတောင်းပွဲပြုလုပ်တယ်။ ၂၄ ပစ္စည်းရွတ်တယ်။ နမောတဿ ရွတ်တယ်၊ သရဏဂုံတည်ပြီးတော့ မေတ္တာပို့အမျှဝေလုပ်ပါတယ်။"

ဒီဆုတောင်းပွဲမလာခင်မှာ သူ့ကို ကြံ့ခိုင်ရေးခေါင်းဆောင် ကိုစိန်ကုလားက ရန်စခဲ့တယ်လို့ ဦးသန်းဆောင်က ပြောပါတယ်။ ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီမှာ အဖွဲ့ချုပ်ဝင် ဒေါ်ခင်ညွန့်မူ ဦးဆောင်တဲ့ အဖွဲ့က ပန်းရေချမ်း ဆီးမီးတွေပူဇော်ပြီး ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအတွက် မေတ္တာသုတ်ရွက်ခဲ့သလို ကျိုက်ကွန်လေးမျက်နှာဘုရားမှာလည်း သွားရောက်ဝတ်ပြုဆုတောင်းခဲ့ကြပါတယ်။ ဧရာဝတီတိုင်း မအူပင်၊ ဒေးဒရဲနဲ့ကျိုက်လတ်မှာလည်း ဒေါ်စုလွှတ်မြောက်ရေး ဝတ်ပြုဆုတောင်းကြပါတယ်။ ဒီနေ့ ရုံးချိန်းမှာ ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ချနိုင်တယ်ဆိုတဲ့ ကောလာဟလသတင်းတွေလည်း ထွက်ပေါ်နေပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ရုံးချိန်းတိုင်းမှာ သပြေပန်းတွေနဲ့ ဆုတောင်းပွဲလုပ်ဖို့ တိုက်တွန်းတဲ့ မိတ္ထီလာအဖွဲ့ချုပ် အတွင်းရေးမှူးဒေါ်မြင့်မြင့်အေးက သူ့အမြင်ကိုပြောပါတယ်။

"တရားရုံးရဲ့ ထုံးတမ်းစဉ်လာအရ ဒီနေ့က လျှောက်လဲချက်ပဲ ရှိသေးတယ်။ လျှောက်လဲချက်ပြီးတော့မှ အနည်းဆုံး ၁ ပတ်၊ ၂ ပတ် ခြားပြီးတော့မှ စီရင်ချက်ချမှာပါ။ အဲဒီနေ့ကျမှ သူတို့ ရုံးချိန်းတချိန်း ထပ်ချိန်းရဦးမှာ။ အဲဒီစီရင်ချက်မှာ သူတို့အပြစ်ပေးကောင်းပေးမယ်။ ဒီနေရာမှာ ပြည်တွင်းပြည်ပက အနေအထားတွေပေါ်မူတည်ပြီးတော့ နအဖအနေနဲ့ မစဉ်းစားလို့ မရပါဘူး။ အဲဒီလို စဉ်းစားနိုင်အောင်လို့ ကျမတို့ ပြည်သူတရပ်လုံးက ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ချမှာ မလိုလားပါကြောင်း ပြနေတာ။

"ဒီနေ့ အနေအထားက ချက်ချင်းထောင်ကျမယ်ဆိုတဲ့ ကောလာဟလဖြစ်တယ်ဆိုတာမဖြစ်နိုင်ပါဘူး။ နောက်ထပ် စီရင်ချက်ချဖို့ ရုံးချိန်း တချိန်း ထပ်ချိန်းရဦးမှာပါ။ အဲဒီရုံးချိန်းမှာလည်း ကျမတို့ ဆုတောင်းမေတ္တာပို့တာတွေလုပ်မယ်။ ဒီကြားထဲမှာလည်း ကျမတို့က ပြည်သူလူထုတရပ်လုံးက ဒေါ်အောင်ဆန်းစုကြည် ထောင်ချမှာကို မလိုလားဘူး။ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့ပဲ လိုလားနေတာကို ဖော်ပြနေတာပါ။"

# စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး

**DVB၊ ဂျူလိုင် ၂၇။** ။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍနဲ့ စားနပ်ရိက္ခာဖူလုံရေးကိစ္စအတွက် ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင် (အက်စ်ကက်ပ်) အကြီးအကဲက နအဖစစ်အုပ်စုနဲ့ ဆွေးနွေးမယ်လို့သိရပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးရဲ့ ဖိတ်ကြားချက်အရ အက်စ်ကက်ပ်အမှုဆောင်အတွင်းရေးမှူးချုပ် နိုးလင်းဟေးဇားက မြန်မာပြည်ကို မနေ့က စတင်ရောက်ရှိနေပြီး အက်စ်ကက်ရဲ့လေ့လာတွေ့ရှိထားသမျှကို တင်ပြဆွေးနွေးမှာပါ။ မြန်မာပြည်အတွက်အရေးအကြီးဆုံးဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍမှာ အလုပ်လုပ်နိုင် သူ စုစုပေါင်းရဲ့ ၇၀ ရာခိုင်နှုန်း လုပ်ကိုင်နေပြီး တိုင်းပြည်အသားတင်ထုတ်ကုန်တန်ဖိုး စုစုပေါင်းရဲ့ ၄၂ ရာခိုင်နှုန်း ဖြစ်တယ်လို့ လည်း အက်စ်ကက်ပ်ကြေညာချက်မှာ ဖော်ပြပါ တယ်။

လက်ရှိမှာ စီးပွားပျက်ကပ် ရိုက်ခတ်မှုကြောင့် အာရှတလွှား အထူးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွေရှိတဲ့ ကျေးလက်ဒေသတွေမှာ အလုပ်အကိုင်နဲ့ ဝင်ငွေကျဆင်းနေချိန်ပါ။ ဒေါက်တာဟေးဇားဟာ ဆန်စပါး၊ စိုက်ပျိုးစရိတ်ချေးငွေ၊ ကျေးလက်နေပြည်သူ တွေရဲ့ဘဝ ဖွံ့ဖြိုးရေးစတဲ့ပေါ်လစီရေးရာတွေ ဆွေးနွေးမှာဖြစ်ပြီး မြန်မာပြည်ကို အက်စ်ကက်ပ်က ဘာတွေကူညီနိုင်မယ်ဆိုတာလည်းပါဝင်မယ်လို့ဆိုပါတယ်၊ အက်စ်ကက်ပ် အကြီးအကဲဟာ မြန်မာ့ကျေးလက်ဒေသကိုလည်း ကွင်းဆင်းလေ့လာမယ်လို့ အက်စ် ကက်ပ်ကြေညာချက်မှာ ဖော်ပြပါတယ်။





## မလာပါနဲ့ဦး

မြန်မာပြည်ကို ဂျူလိုင် ၃၁ ရက်နေ့မှာ သွားရောက်ဖို့စီစဉ်ထားတာတွေကို ရွှေ့ဆိုင်းပေးပါဆိုပြီး ဂျူလိုင် ၂၈ ရက်နေ့မှာ နအဖဘက်ကပြောလို့ ထိုင်းဝန်ကြီးချုပ် အဘီဆစ်ဟာ သူ့ရဲ့ခရီးစဉ်ကိုဖျက်လိုက်ရပါတယ်။ အကြောင်းရင်းကတော့ ဂျူလိုင် ၃၁ ရက်နေ့မှာ ဒေါ်စုအမှုကိုစီရင်ချက်ချတဲ့အခါ နအဖဝန်ကြီးချုပ်သိန်းစိန်ဟာ အရေးကြီးတဲ့လုပ်စရာကိစ္စတွေရှိလို့ဖြစ်ပါတယ်။ ဒါကြောင့် ထိုင်းဝန်ကြီးချုပ်ဟာ ဩဂုတ်လ တတိယပတ်အတွင်းသွားဖို့ ဖြစ်နိုင်ခြေရှိပါတယ်။ (AP, 28.7.2009)

## သီရိလင်္ကာနှင့်နအဖဆက်ဆံရေး

နအဖနိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်းဟာ ဩဂုတ် ၃ ရက်ကနေ ၄ ရက်နေ့ အထိသီရိလင်္ကာနိုင်ငံကို သွားဖို့ရှိပါတယ်။ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ခရီးသွား၊ ဘာသာရေး၊ ယဉ်ကျေးမှုတိုးမြှင့်ကိစ္စတွေလုပ်ဆောင်ဖို့ဖြစ်ပါတယ်။ မြန်မာပြည်က စီးပွားရေးလုပ်ငန်းရှင် ၂၀ လည်း အတူလိုက်သွားမှာဖြစ်ပြီး ကုန်သွယ်ရေးကိစ္စတွေဆွေးနွေးကြမှာပါ။ နအဖနဲ့ သီရိလင်္ကာတို့ကြားမှာ တမီလ်ပြောက်ကျားတွေ နှိမ်နင်းခံရပြီးနောက် ရုတ်တရက်ဆိုသလို ဆက်ဆံရေးတိုးတက်လာနေခဲ့ပါတယ်။ (CEYLON DAILY, VOB, 30.7.2009)

## ဘဝပျက်ရန်နှိပ်ကွပ်နေခြင်း

နအဖစစ်အာဏာရှင်တွေဟာ သူတို့ကိုဆန့်ကျင်တဲ့သူ၊ သူတို့ကိုဆန့်ကျင်တဲ့ သူတွေကို ထောက်ခံအားပေးသူထဲက တချို့ကို ရက်စက်ယုတ်မာစွာနဲ့ ဘဝပျက်တဲ့အထိ လုပ်ဆောင်တာမျိုးတွေ ရှိပါတယ်။ အခုဆိုရင် ဒီမိုကရေစီအင်အားစုတွေဘက်က ရှေ့နေလိုက်ခဲ့လို့မတရားဖမ်းဆီးထောင်ချခံခဲ့ရတဲ့ အသက် ၃၃ နှစ်အရွယ် ရှေ့နေညီညီထွေးကို ရှေ့နေလိုင်စင်ရုပ်သိမ်းခဲ့ပါတယ်။ ဒါကြောင့် ညီညီထွေးဟာ ပဲခူးမှာ အောင်ဘာလေထီလက်မှတ်ရောင်းချနေပါတယ်၊ ဒါပေမဲ့လည်း ထီလက်မှတ်လက်ကားရောင်းသူတွေကို ညီညီထွေးကို ထီလက်မှတ်မရောင်းဖို့၊ လက်တွန်းလှည်းမငှားဖို့ ဖိအားပေးနေတယ်လို့သိရပါတယ်။ (MIZZIMA, 30.7.2009)

## အိုဘားမားက တနှစ်သက်တမ်းတိုးပေးလိုက်ခြင်း

မြန်မာနိုင်ငံက ကျောက်မျက်ရတနာတွေကို တိုက်ရိုက် ဒါမှမဟုတ် တဆင့်ခံဝယ်ယူတာမျိုးတွေကို တားမြစ်တဲ့ဥပဒေကို သက်တမ်းတနှစ်တိုးချဲ့ဖို့ အမေရိကန်သမတ ဘာရက်အိုဘားမား လက်မှတ်ရေးထိုးပြီလို့သိရပါတယ်။ အမေရိကန်လွှတ်တော် နှစ်ရပ်စလုံးက အတည်ပြုထားတဲ့ ဥပဒေဟာ ၂၀၀၃ ခုနှစ် မြန်မာပြည်လွတ်မြောက်ရေးနှင့် ဒီမိုကရေစီအက်ဥပဒေထဲမှာ အကြုံးဝင်ပါ တယ်။ (UPI, 29.7.2009)

## ဆယ်ရေးတရေး ကိုးရေးတရာ

အရှေ့အလယ်ပိုင်းက ရေနံနဲ့ မြန်မာပြည်က ဓာတ်ငွေ့တွေကို သယ်ယူတဲ့ စီမံချက်မှာ တရုတ်ဟာ ဒေါ်လာ တစ်ဘီလီယံခွဲလောက် ရင်းနှီးမြှုပ်နှံထားပါတယ်၊ ဒါပေမဲ့လည်း တရုတ်က မြန်မာပြည်မှာ အစိုးရအပြောင်းအလဲဖြစ်သွားရင် သူတို့ရနေတဲ့ ရေနံနဲ့ဓာတ်ငွေ့တွေအတွက် အခက်တွေ့မှာစိုးလို့ အခုအခါ မလေးရှားမြောက်ပိုင်းမှာ ဘီလီယံအတော်များများနဲ့ရင်းနှီးမြှုပ်နှံနေပြီလို့သိရပါတယ်။ (IRRAWADDY, 30.7.2009)

## ကန့်ကွက်ပိုင်ခွင့်ရှိ၍ကန့်ကွက်ခြင်း

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ နောက်ထပ် အမှုတခုနဲ့ ရင်ဆိုင်ရပြန်ပါပြီ၊ အဲဒါကတော့ သူမရဲ့ တက္ကသိုလ်ရိပ်သာလမ်းနေအိမ်ဝင်းအတွင်းရှိ မြေကွက်အစိတ်အပိုင်းတခုကို သူမနှင့် မောင်နှမဝမ်းကွဲတော်စပ်သူ သခင်သန်းထွန်းရဲ့သား ဦးခင်မောင်အေးက ရောင်းချမယ်ဆိုတဲ့အကြောင်း သတင်းစာမှာကြေငြာပြီး ကန့်ကွက်လိုက ကန့်ကွက်နိုင်တယ်လို့ဆိုတာကြောင့် ဒေါ်စုရဲ့ရှေ့နေတွေက ကန့်ကွက်စာတင်ထားတယ်လို့သိရပါတယ်။ (MIZZIMA, 30.7.2009)

## ရန်ကုန်က ကုန်စည်ပြပွဲ

ဩဂုတ် ၂၀ ရက်နေ့ကနေ ၂၃ ရက်နေ့အထိ ရန်ကုန်မြို့မှာ ၂၀၀၉ Yangon Expo ကိုကျင်းပမှာဖြစ် ပြည်တွင်းပြည်ပကုန်သွယ်ရေးကို တိုးမြှင့်ဖို့ ရည်ရွယ်တာလို့ သိရပါတယ်။ ပြခန်းပေါင်း ၁၈၀ ပါဝင်မယ့် အဲဒီပြပွဲဟာ ဒုတိယအကြိမ် မြောက်ဖြစ်ပါတယ်၊ လွန်ခဲ့တဲ့ မတ်လတုန်းက တကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ (XINHUA,27.7.2009)

## သံလွင်ဆည်ကန့်ကွက်ရေး

အာဆီယံစွမ်းအင်ဝန်ကြီးတွေဟာ မန္တလေးမှာပြုလုပ်ခဲ့တဲ့ အစည်းအဝေးမှာ သံလွင်မြစ်မှာ ဆည်တွေတည်ဆောက်ပြီးလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့ စီမံချက်တွေကို အတည်ပြုခဲ့ကြပါတယ်၊ ဒါပေမဲ့လည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာလှုပ်ရှားနေတဲ့သူတွေက အဲဒီဆည်တွေဟာ သဘာဝပတ်ဝန်းကျင်နဲ့ မှီတင်းနေထိုင်နေကြတဲ့ လူနဲ့တခြားသတ္တဝါတွေကို ထိခိုက်ပျက်စီးစေနိုင်တယ်ဆိုပြီး ကန့်ကွက်နေကြပါတယ်။ (BANGKOK , 31.7.2009)

## လက်သည်အစစ်

မြန်မာနိုင်ငံတွင်းမှာ ကြုံကြိုက်နေရတဲ့ စီးပွားရေးအကျပ်အတည်းနဲ့ မှားယွင်း တဲ့စီမံခန့်ခွဲမှုတွေရဲ့လက်သည်အစစ်မှာ နအဖဗိုလ်ချုပ်ကြီးတွေပဲဖြစ်ပါတယ်၊ မြန်မာ့စီးပွားရေးကို လေ့လာနေတဲ့ ဩစတြေးလျားက ပညာရှင်တဦးက ပိုင်ဆိုင်ခွင့်တွေကို ခွင့်ပြုဖို့နဲ့ အသိအမှတ်ပြုဖို့ ဗိုလ်ချုပ်ကြီးတွေက ငြင်းဆန်နေခြင်း ပဲလို့ ဆိုပါတယ်။ စင်္ကာပူစီးပွားရေးလုပ်ငန်းရှင်တဦးက ဗိုလ်ချုပ်ကြီးတွေဟာ ဘာမှမသိနားမလည်ဘူးဆိုတာနဲ့ သူတို့ရဲ့အကြံပေးတွေက ပြောတာတွေကို တောင်နားထောင်ချင်မှ နားထောင်တာလို့ ဆိုပါတယ်။ (IRRAWADDY, 31.7.2009)

# ကယန်းမျိုးဆက်သစ် လူငယ်များကို နယ်ဝေးထောင်များသို့ ပြောင်းရွှေ့

**DVB၊ ဇူလိုင် ၂၇။** ။ နိုင်ငံရေးအကျဉ်းသား ကယန်းလူငယ်သုံးဦးကို အာဏာပိုင်တွေက မိသားစုနဲ့ဝေးတဲ့ ထောင်တွေဆီ ပို့ဆောင်ခဲ့တယ်လို့ သိရပါတယ်။

ဒီသုံးဦးဟာ ကယားပြည်နယ်လူငယ်များအဖွဲ့နဲ့ ကယန်းမျိုးဆက်သစ် လူငယ်များအဖွဲ့တွေရဲ့ ခေါင်းဆောင်တွေ ဖြစ်ပါတယ်။ သူတို့ဟာ တရားမဝင် အသင်းဖွဲ့စည်းမှု၊ ပြည်ပရှိ တရားမဝင်အသင်းအဖွဲ့များနဲ့ဆက်သွယ်မှု၊ နိုင်ငံတော် ပုန်ကန်မှုစတဲ့ အမှုတွေနဲ့ ကယားပြည်နယ် လွိုင်ကော်ထောင်မှာ ထောင်ဒဏ် ၃၇ နှစ်စီ ကျခံနေရသူတွေဖြစ်ပါတယ်။ သူတို့အထဲက ခွန်ဘီးဒူး (ခေါ်) လွီးဇီပြီမ်းကို တောင်ငူထောင်၊ ဒီးဒီကို မန္တလေးထောင်နဲ့ ကေကောရီယိုကို မိတ္ထီလာထောင်တွေဆီ ဒီလ ၄ ရက်နေ့က အသီးသီးပြောင်းရွှေ့ခဲ့တာလို့ မိသားစုဝင်တွေက ပြောပါတယ်။ တောင်ငူထောင်မှာ ထောင်ဝင်စာသွားတွေ့ ခဲ့တဲ့ လွီးဇီပြီမ်းရဲ့ မိခင်က သူထောင်ဝင်စာတွေ့ခဲ့ရပုံကို အခုပြောပြပါတယ်။

“သွားတွေ့တော့ နေတော့ကောင်းပါတယ်တဲ့။ နေရာထိုင်ခင်းတော့ မကောင်းဘူး။ တလောက အရူးတယောက် သေသွားတဲ့အခန်းမှာ သူနေရတာ။ တွေ့ခွင့်က ခဏလေးပဲ စကားပြောရတာ။ စကားပြောဖို့ အချိန်နည်း ၅ မိနစ်လောက်ပေးပါလားလို့ ပြောတော့မရဘူး။ သူ့အတွက် ခြင်ထောင်တွေ၊ ကော်ဇောဖျာတွေလည်း ဝယ်ပေးလိုက်တယ်။”

ကျန်းမာရေးအခြေအနေ ဆိုးရွားနေတဲ့ကြားက မိတ္ထီလာထောင်ကို ပြောင်းရွှေ့ခံလိုက်ရတဲ့ ကေကောရီယိုရဲ့ ကျန်းမာရေးအခြေအနေနဲ့ ပတ်သက်ပြီးတော့ လွီးဇီပြီမ်းရဲ့ မိခင်ကပဲ ပြောပါတယ်။

“ကေကောရီယိုနဲ့ တိုက်ရိုက်မတွေ့ရဘူး။ လွိုင်ကော်မှာ နေတုန်းက မေးကြည့်တာ အဆုပ်ထဲ ရေဝင်တယ်တဲ့။ သူက မိတ္ထီလာမှာ ကျတယ်။ သူ့အဖေနဲ့လည်းမတွေ့ရတော့ သူတို့လည်း သွားတွေ့ဖို့ကိစ္စ ငွေကြေး တော်တော်ခက်ခဲကြတယ်။ ဘယ်လိုလုပ်ပေးရင် ကောင်းမလဲလို့။”

သူတို့သုံးယောက်ကို မိသားစုနဲ့ အလှမ်းဝေးတဲ့ထောင်တွေကို ဘာကြောင့် ပို့ဆောင်ရတာလဲဆိုတာနဲ့ပတ်သက်ပြီး အခြားမိသားစုဝင်တဦးက ပြောပါတယ်။

“အဓိက ပြောင်းသွားတဲ့ အကြောင်းက ကျမတို့အနေနဲ့ သုံးသပ်မိသလောက်ကတော့ ကေကောရီယို အဆုပ်ထဲ ရေဝင်တဲ့ကိစ္စကို ဆရာဝန်တွေနဲ့ ကုသခွင့်တောင်းတာ ထောင်အာဏာပိုင်တွေက မပေးဘူးတဲ့။ သူတို့ကိုယ်တိုင်လည်း ဆေးကုသမှု မပေးဘူး၊ အပြင်ကနေ လာကုပေးနေတဲ့ ဆရာဝန်တွေနဲ့လည်း မဖြစ်နိုင်ဘူးဆိုတော့ ထောင်သားတယောက်ဖြစ်တဲ့ ဆရာဝန်တယောက်နဲ့ အပြင်က ပစ္စည်းတချို့မှာပြီး အထဲမှာပဲ သူတို့ ခွဲစိတ်လိုက်တယ်။ အဲဒီအကြောင်း အပြင်မှာ ပြန့်သွားတယ်။ ပြန့်သွားတော့ လွိုင်ကော်ထောင်မှာရှိတဲ့ အခြေအနေ အားလုံးကို ဒီ ၃ ယောက်က ဖြန့်ပေးနိုင်တယ်ဆိုပြီး သူတို့တွေက စိုးရိမ်တယ်။ ဒီတော့ သူတို့ကို စိတ်မချရဘူးဆိုပြီး သူတို့ ၃ ယောက်ကို ပြောင်းလိုက်တယ်လို့ ကျမတို့ မြင်တယ်ပေါ့။”

လွိုင်ကော်အကျဉ်းထောင်မှာ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမြအေး၊ ကိုသီဟအောင်၊ ကိုပီတာစတဲ့ နိုင်ငံရေးအကျဉ်းသား ၈ ယောက်ရှိနေပြီး နိုင်ငံရေးအကျဉ်းသား အားလုံးလိုလို မကြာခဏ ဖျားနာလေ့ရှိတယ်လို့ လွိုင်ကော် အကျဉ်းထောင်နဲ့ နီးစပ်သူအချို့က ပြောပါတယ်။

# နာဂစ်ဒုက္ခသည်များ စိုးရိမ်နေကြရ

**DVB၊ ဇူလိုင် ၂၇။** ။ မနှစ်က မေလမှာ နာဂစ်ဆိုင်ကလုန်းဘေးသင့်ခဲ့တဲ့ ဧရာဝတီတိုင်းမှာ အကူအညီပေးနေတဲ့ နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့တွေ အကူအညီရပ်သွားမှာကို မုန်တိုင်းသင့် ဒုက္ခသည်တွေက စိုးရိမ်နေကြပါတယ်။

လပွတ္တာမြို့နယ်မှာဆိုရင် အစားအစာ အကူအညီလိုအပ်ချက် တိုးမြင့်လာနေပြီး အကူအညီပေးတဲ့အဖွဲ့က နည်းနည်းပဲရှိတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မုန်တိုင်းဘေး ကယ်ဆယ်ရေးအဖွဲ့ဝင် ဒေါက်တာအေးကြူက ပြောပါတယ်။ မုန်တိုင်းတိုက်သွားတာ တနှစ်ကျော်လာချိန်မှာ ငါးဖမ်းလုပ်ငန်း စတဲ့ အလုပ်ခွင်တွေကို ပြန်ဝင်သွားနိုင်တဲ့သူတချို့ရှိပေမယ့် အများစုက နေ့စဉ်အသက်မွေးဖို့ အခက်တွေ့နေပါတယ်။

မုန်တိုင်းကြောင့် အထိအနာဆုံးဖြစ်ခဲ့တဲ့ လပွတ္တာ နဲ့ ဘိုကလေးမြို့နယ်တွေမှာ လူဦးရေထက်ဝက်ကျော်ဟာ အစားအစာအတွက် အကူအညီပေးတဲ့ သူတွေပေါ် မှီခိုနေရတာပါလို့ ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ် WFP ရဲ့ သုတေသနပြုချက်မှာ ဖော်ပြပါထားပါတယ်။ အဲဒီဒေသမှာ လူဦးရေလေးပုံတပုံ လောက်ပဲ ကိုယ့်အားကိုယ်ကိုးနိုင်ပြီး ၈၀ ရာခိုင်နှုန်းကျော်က အကြွေးတင်နေကြတယ်လို့ဆိုပါတယ်။ နာဂစ်မုန်တိုင်းဘေးကူညီရေး သုံးပွင့်ဆိုင်အဖွဲ့ရဲ့ ပြောပြချက်အရ အကူအညီပေးရေး နိုင်ငံခြားသား ၂၀၀ လောက်ကို နအဖစစ်အုပ်စုက ပြည်ဝင်ခွင့်ဗီဇာ မပေးသေးဘူးလို့ သိရပါတယ်။

# ကူညီရေးကို ၃ ဒီဖန်း ပြန်စဉ်းစားနေ

**DVB၊ ဇူလိုင် ၂၇။** ။ မြန်မာပြည်မှာ အေ့ဒ်စ်၊ တီဘီနဲ့ ငှက်ဖျား စတဲ့ ရောဂါသုံးမျိုးအတွက် အကူအညီပြန်ပေးရေးကို ဂလိုဘယ်ဖန်းအဖွဲ့က လက်ခံစဉ်းစားနေပါတယ်။

မြန်မာစစ်အစိုးရရဲ့ ချုပ်ချယ်ကန့်သတ်မှု ပယောဂကြောင့် ၂၀၀၅ မှာ မြန်မာပြည်ကနေ အကူအညီတွေ ပြန်ရုပ်သိမ်းသွားတဲ့ ဂလိုဘယ်ဖန်းကို ခုတော့ နအဖစစ်အုပ်စုက အကူအညီ လျှောက်လွှာ ပြန်တင်တာပါ။ လာမယ့် ဩဂုတ်လကုန်ပိုင်းမှာ ဆုံးဖြတ်ချက်ချမှာဖြစ်ပြီး အမေရိကန်ဒေါ်လာ သန်း ၃၂၀ တန်ဖိုးရှိတဲ့ ဒီအကူအညီကိုသာ ရမယ်ဆိုရင် အေ့ဒ်စ်လူနာ ၄၂,၀၀၀ လောက်အတွက် ဆေးကုသမှု အကူအညီရလာမှာဖြစ်ပါတယ်။ မြန်မာ့အရေးဆောင်ရွက်နေတဲ့ ဘားမားကမ်ပိန်းယူကေရဲ့ ဒါရိုက်တာ မာ့ခ်ဖာမင်နာက ဂလိုဘယ်ဖန်းက လက်ခံမယ်လို့ မမြင်ပါဘူးလို့ ပြောပါ တယ်။

“ဘယ်တိုင်းပြည်မှာနဲ့မှ မတူအောင်ကို နအဖစစ်အုပ်စုက အန်ဂျီအိုတွေကို ခရီးသွားလာခွင့် ပိတ်ပင်ပါတယ်။ ဂလိုဘယ်ဖန်းထွက်သွားကတည်းက ခုထိ မြန်မာပြည်မှာဘာမှပြောင်းလဲမလာပါဘူး။ ဒါကြောင့် ဂလိုဘယ်ဖန်းက ပြန်ဝင်နိုင်မယ်လို့ မမြင်ပါဘူး” လို့ မာ့ခ်ဖာမင်နာက ဝေဖန်ပါတယ်။ မြန်မာပြည်မှာ အိပ်ချ်အိုင်ဗွီ ကူးစက်နေသူပေါင်း နှစ်သိန်းလေးသောင်းလောက်ရှိနေပြီး ၇၆,၀၀၀ လောက်က အေအာရ်ဗွီ အသက်ကယ်ဆေး လိုအပ်နေရာမှာ အဲဒီအထဲက လေးပုံတပုံလောက်ပဲ (၁၈,၀၀၀ လောက်ပဲ) ဆေးရနေတယ်လို့ ကုလသမဂ္ဂက တွက်ချက် ခန့်မှန်းထားပါတယ်။ လူနာတဦးကို တလ ဆေးကုစရိတ် ဒေါ်လာ ၃၀ လောက်ကုန်ကျတာမို့ သာမန် ပြည်သူတဦးရဲ့လစာနဲ့ညီနေပါတယ်။ MSF (နယ်ခြားမဲ့ဆရာဝန်များအဖွဲ့) ကတော့ လူနာ ၁၂,၀၀၀ လောက်ကို ဆေးဝါးထောက်ပံ့နေပြီး တခြားအန်ဂျီအိုတွေက လူနာ ၄,၀၀၀ ကူညီပေးနေပါတယ်။ အစိုးရက လူနာ ၁,၈၀၀ လောက်ကို ကူညီနေတယ်လို့ ဆိုပါတယ်။ စစ်အုပ်စုဟာ ကျန်းမာရေးကဏ္ဍအတွက် စုစုပေါင်းဘတ်ဂျက်ရဲ့ ဒသမသုံးရာခိုင်နှုန်းပဲ သုံးနေတာပါလို့ အကူအညီပေးရေးအဖွဲ့တွေက ထောက်ပြဝေဖန်ပါတယ်။

“လိုအပ်ချက်က ကြီးမားနေပြီး အလှူရှင်တွေရဲ့ အထောက်အပံ့က သိပ်ကိုနည်းနေတယ်။ NGO တွေရဲ့ HIV အစီအစဉ်တွေထဲမှာ မြန်မာပြည်ဟာ အအောင်မြင်ဆုံး ဖြစ်နိုင်ပါတယ်။ နအဖအကူအညီက အကန့်အသတ်များလွန်းတာကိုး။ ဝမ်းနည်းဖို့ကောင်းပါတယ်” လို့ မြန်မာပြည်ဆိုင်ရာ MSF အကြီးအကဲ လုခ်အာရန်ဒ်က ပြောပါတယ်။ ဂလိုဘယ်ဖန်း ရုပ်သိမ်းသွားလို့ လစ်ဟာသွားတဲ့နေရာမှာ ရောဂါသုံးမျိုး တိုက်ဖျက်ရေး ရန်ပုံငွေအဖွဲ့ 3-D Fund က ဒေါ်လာသန်းတရာတန် စီမံကိန်းနဲ့ ကူညီနေပါတယ်။

# ဒေါ်စုအမှုအပေါ် ပြည်တွင်း၊ ပြည်ပ ဒီမိုကရေစီအင်အားစုများ၏ သဘောထားများ

**DVB၊ ဂျူလိုင် ၂၈။** ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုကို အင်းစိန်ထောင် အထူးတရားရုံးက မကြာခင်အမိန့်ချတော့မယ့်အပေါ် ပြည်တွင်း၊ ပြည်ပက ဒီမိုကရေစီအင်အားစုတွေရဲ့ သဘောထားတွေကို တင်ပြပါမယ်။

အားလုံးရဲ့ သဘောထားကတော့ ဒေါ်အောင်ဆန်းစုကြည်ကို နအဖ စစ်အုပ်စုက မရရအောင် ထောင်ချလိမ့်မယ်လို့ယူဆကြပါတယ်။ သဘောထား အမြင်နဲ့ ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးဝင်းတင်က ပြောပါတယ်။

"ကျနော့်အထင်ကတော့ သူတို့က ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ချမယ်။ ထောင်ချပြီးမှ ကမ္ဘာ့ရဲ့တုံ့ပြန်ချက်အပေါ်မှာ အခြေအနေကြည့်ပြီး ယူအန်မှာ ဦး သန်းရွှေပြောသလို လူတွေကို လွှတ်ပေးမယ်ဆိုတဲ့ အခါကျမှတဲ့ပြီး လွှတ်ရင်လည်းလွှတ်နိုင်တယ်၊ အမျိုးစုံပေါ့။ ဖြစ်နိုင်တာတွေချည်းပါပဲ။ သို့သော် ကျနော်က မသင်္ကာစိတ်ကြီးလို့လား မသိပါဘူး။ သူတို့က ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲ မတိုင်ခင်ကာလအထိ လုံးဝရှိစေချင်တာမဟုတ်ဘူး။ အဲတော့ ထောင်ချဖို့ သေချာတယ်လို့ ကျနော်က ထင်တာပဲ။"

အာဆီယံတို့၊ အေအာအက်ဖ်တို့ လုပ်နေတဲ့ အချိန်တုန်းက ဒေါ်အောင်ဆန်းစုကြည်ကိုပဲ လွှတ်နိုင်သလိုလို၊ ဘာလိုလို ဒီကလူတွေက စဉ်းစားကြတာပေါ့။ ကျနော်ကတော့ ချမှာပဲလို့ထင်တယ်။ သူတို့ရဲ့ သတင်းစာထဲမှာ ရေးနေတာက ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်မယ့်ပုံမရှိဘဲ မာမာတင်းတင်းနဲ့ အမေရိကန်တို့၊ အာဆီယံတို့ကို ပြန်ပြီးဆော်နေတာဆိုတော့ စဉ်းစားစရာ ရှိတာပေါ့။ ကျနော့် ခန့်မှန်းချက်က မှန်ဖို့များတယ်လို့ ထင်တယ်။"

ဦးဝင်းတင် တွက်ဆထားသလိုပဲ မွန်အမျိုးသားဒီမိုကရေစီ ဒုဥက္ကဋ္ဌ နိုင်ငွေသိန်းက ၂၀၁၀ ရွေးကောက်ပွဲအတွက် ဒေါ်အောင်ဆန်းစုကြည်ကို မရရအောင် ဖယ်ထားမယ်လို့ ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကန့်သတ်တားဆီးမိန့်မှာမပါတဲ့ အကြောင်းအရာတွေနဲ့တရားစွဲတယ်ဆိုတော့ သူတို့ ကန့်သတ်တားဆီးမိန့်မှာ ဖော်ပြထားခြင်းမရှိတာနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်က သူ့ဘက်မှာ အဲ့ဒီအမိန့်အရချိုးဖောက်ခြင်း မရှိဘူးလို့ ယုံကြည်တဲ့အတိုင်း သူ့မှာအပြစ်မရှိဘူးလို့ပြောတယ်။ ဒါကို ချိုးဖောက်ပါတယ်လို့ပြောရင် ကန့်သတ်တားဆီးမိန့်မှာ အဲ့ဒီအချက် လက်တွေ့မပါဘူးပေါ့။ ဒေါ်အောင်ဆန်းစုကြည်က စာအုပ်ကို လက်ခံရယူတာတို့၊ မစ္စတာဂျွန်ယက်ထောသမီးက ရေးပေးလိုက်တဲ့စာကို ဖတ်တာတို့ဟာ စာချင်းဆက်သွယ်တယ်လို့ ဘယ်လိုမှပြောလို့ရတဲ့ အချက်အလက်တွေမဟုတ်ဘူး၊ ဒီတော့ မဖြစ်နိုင်တာကို အမှုရအောင်တည်ဆောက်ခြင်းဟာ ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ချနိုင်မယ်လို့ သူတို့တွေက ယုံကြည်ထားလို့ပေါ့။"

အလားတူ တရားရုံးချုပ်ရှေ့နေဦးအောင်သိန်းက ဒေါ်အောင်ဆန်းစုကြည်အပေါ် စွပ်စွဲချက်တွေဟာ ဥပဒေနဲ့ငြိစွန်းတာမရှိပေမယ့် ထောင်ချဖို့အကြောင်း အချက်တွေ ရှာထားပြီးပြီလို့ ပြောပါတယ်။

"ဖမ်းကတည်းက ထောင်ချဖို့ လုပ်တာပဲ၊ ကျနော့်အထင် အပြစ်ပေးခံရမယ်လို့ထင်တယ်။ ဘာလို့လဲဆိုတော့ လာမယ့်ရွေးကောက်ပွဲကို မဝင်နိုင်အောင် ပိတ်ပင် တားဆီးထားတာဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာပြည်နိုင်ငံရေးထဲမှာမပါအောင် သူတို့က ပထုတ်ချင်တဲ့သဘောလည်းရှိပါတယ်။ သူတို့ရုံးတင် ကတည်းက ထောင်မြန်မြန်ချဖို့ လုပ်တယ်လို့ မြင်တယ်။ ဒါပေမယ့် နိုင်ငံတကာနဲ့ပြည်တွင်းက ကန့်ကွက်လို့သာ အချိန်ဆွဲပြီး စောင့်ကြည့်နေ ပေမယ့် သူတို့က အပြစ်ပေးမယ်လို့ ဆုံးဖြတ်ပြီးသား ဖြစ်လိမ့်မယ်။ ၁၉၉၁ မှာ တခါ၊ ၁၉၉၈ မှာတခါ ကျနော်အဖမ်းခံရတုန်းက ထောင်ချတယ်ဆိုတာ တရားသူကြီးရဲ့ဆန္ဒ မဟုတ်ဘဲနဲ့ အထက်အမိန့်နဲ့ထောင်ချတာကို ကျနော်တွေ့ရပါတယ်။"

ပြည်ပရောက် အမျိုးသားညွန့်ပေါင်းအစိုးရ အန်စီဂျီယူဘီ ဝန်ကြီးချုပ် ဒေါက်တာ စိန်ဝင်းက ဒါဟာ စစ်အုပ်စုရဲ့ နိုင်ငံရေးကစားကွက်ပဲလို့ပြောပါတယ်။

"ကျနော်တို့ရဲ့ သဘောထားကတော့ ဒါဟာလုံးဝတရားမျှတမှု မရှိဘူး။ ဒေါ်အောင်ဆန်းစုကြည်က အကျယ်ချုပ်မှာ ကျပ်ကျပ်တည်းတည်း လုံခြုံရေးတွေနဲ့နေရတဲ့ လူတယောက်ဟာ ဘယ်လိုလို့အပြစ်ကျူးလွန်နိုင်မလဲ။ သူ့ရှေ့နေတွေလည်း ပြောသွားတယ်၊ ဒီဥပဒေဟာ ခေတ်နောက်ကျနေတဲ့ ဥပဒေပဲ။ ရှင်းရှင်းပြောရရင် အချိန်ဆွဲချင်တဲ့သဘော၊ ဒေါ်အောင်ဆန်းစုကြည်ကို ပြည်သူလူထုနဲ့ မထိတွေ့ဖို့ သီးခြား ခွဲထုတ်တဲ့သဘော၊ နိုင်ငံရေးကစားကွက်ပဲ။ ဒါဟာလုံးဝ မတရာဘူးလို့ ကျနော်ကတော့ မြင်တယ်။"

---

**စာမျက်နှာ ၈ မှ**

လွှတ်မြောက် ရေးတောင်းဆိုဖို့သာမကပဲ၊ ဒီလို အပြည်ပြည် ဆိုင်ရာလိုက်နာရမယ့် သဘောတူညီချက်တွေ ကို မလိုက်နာတာကိုလည်း သတိပေးပြောဆိုရမှာဖြစ်ပါတယ်။

တရုတ်အစိုးရဟာ အတိုက်အခံအင် အားစုတွေနီးစပ်ဖို့ကိုလည်း တိတ်ဆိတ်စွာ ချဉ်း ကပ်နေမယ်ဆိုတာ သေချာပါတယ်။ ၂၀၀၈ ရွှေဝါရောင်တော်လှန်ရေးမှာ ရဟန်းသံဃာတွေ စီတန်းကြွချီချိန်မှာ ထိန်းထိန်းသိမ်းသိမ်းကိုင် တွယ်ဖို့ကို အကြိမ်ကြိမ်သတိပေးပြောဆိုခဲ့ပြီး ကုလအထူးသံကို ချက်ချင်းပြန်လည်လက်ခံဖို့ ကို ဖြောင်းဖြခဲ့ပါသေးတယ်။ မကြာသေးမီကမှ တရုတ်အစိုးရဟာ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့ အီးယူ အာဆီယံအဖွဲ့ဝင်နိုင်ငံများ နဲ့အတူ လက်မှတ်ရေးထိုးတောင်းဆိုလိုက်ပါတယ်။ အခုချိန်မှာ ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေး ကြိုးပမ်းနေတဲ့ Mr.Ban Ki-Moon နဲ့အတူပါဝင်တော့မှာဖြစ်ပါတယ်။

တရုတ်အစိုးရဟာ နအဖနဲ့ဆက်ဆံ ရေး ရပ်ဆိုင်းဖို့မပြောသေးပေမယ့်၊ ဆက်လက် တည်လက်တွဲသွားဖို့မဖြစ်နိုင်တော့ဘူးဆိုတဲ့ အချက်ကို လေ့လာသုံးသပ်ပြီး ဆုံးဖြတ်သွားနိုင် ဖွယ်ရှိပါတယ်။ ဒါကို "မင်ဒဲလားလမ်းစဉ်"လို့ ဆိုပါတယ်။

အမေရိကန်အစိုးရနဲ့ ဗြိတိသျှအစိုးရ တို့ဟာ တောင်အာဖရိကနိုင်ငံ လက်ရှိအာ ဏာရစစ်အစိုးရကို တိတ်တဆိတ်ထောက်ခံ နေခဲ့တာပါ။ ဘာကြောင့်လည်းဆိုတော့ တ ကယ်လို့ လူမဲအစိုးရကို အာဏာလွှဲပေးလိုက် ပါက တောင်အာဖရိနိုင်ငံရဲ့ ပြည်တွင်းရေး အရှုတ်အထွေးကြီး အုံကြွပေါက်ကွဲလာမှာကို စိုးရိမ်နေလို့ပါ။ သို့သော် မင်ဒဲလား ထောင်က ထွက်လာတော့ သူက အမေရိကန်နဲ့ဗြိတိသျှ တို့အတွက် နှစ်ရှည် အကျိုးစီးပွားရေးစီမံ ကိန်း တွေကို အာမခံပေးပြီး ကတိပြုလိုက်ပါတယ်။ ဒီကိစ္စဟာ အရင်လူဖြူအစိုးရ ဘယ်တုန်းကမှ မလုပ်ခဲ့တဲ့ အမေရိကန်နဲ့ဗြိတိသျှတို့အတွက် ရေရှည်အကျိုးစီးပွားရေး စီမံကိန်းတွေဖြစ်ပါ တယ်။

အခုလည်း တရုတ်အစိုးရဟာ အဲဒီ နည်းလမ်းကို အားကျလာပုံရပါတယ်။ တကယ် လို့ မြန်မာနိုင်ငံမှာ ဒေါ်အောင်ဆန်းစုကြည် အာဏာရလာပါက တရုတ်နိုင်ငံရဲ့ ပြည်တွင်း ကိုယ်ကျိုးစီးပွားတွေအတွက် ပိုမိုကောင်းမွန်တဲ့ တည်ငြိမ်တဲ့ အခြေအနေဖြစ်နိုင်ကြောင်း၊ အရည် အချင်းညံ့ဖျင်းတဲ့ နအဖစစ်ဗိုလ်တွေနဲ့ဆက်ဆံ ရတာထက် များစွာသာလွန်နိုင်ကြောင်း စဉ်းစားတွေးခေါ်လာတာဖြစ်ပါတယ်။

တကယ်လို့ တိန်ရှောင်ဖိန်သာရှိခဲ့ရင် "ဒေါ်အောင်ဆန်းစုကြည်ဟာ တရုတ်နိုင်ငံရဲ့ အကျိုးစီးပွားအတွက် အင်မတန်မှ တန်ဖိုးကြီး မားတဲ့ ကြောင်တကောင်လို ဖြစ်နိုင်ကြောင်း"။ ပြောဆိုမှာ သေချာကြောင်း။ ☆☆☆☆☆

# စီရင်ရေးအပေါ် ဒေါ်စု ကြေညာချက်ထုတ်၊ ဒေါ်စုခြံမြေတချို့ကို အမျိုးကရောင်း

**ဂျူလိုင် ၂၈။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုတွဲ ဒီနေ့ အပြီးသတ်လျှောက်လဲချက် ပေးပြီးသွားတဲ့အတွက် လာမယ့် သောကြာနေ့ဇူလိုင်လ ၃၁ ရက်နေ့မှာ စီရင်ချက်ချမယ်လို့ တရားသူကြီး ဦးသောင်းညွန့်နဲ့ ဦးညီညီစိုး တို့က ကြေညာလိုက်ကြောင်း သိရပါတယ်။

ဒီအမှုအပေါ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှုမြင်ချက်နဲ့ အခုလို စီရင်ချက် ချခါနီးအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ် အမွေကိစ္စ သတင်းစာထဲပါ လာပါတယ်။ ဒီအမှုအပေါ် ဒေါ်အောင်ဆန်းစုကြည်က ကြေညာချက်တခုထုတ် ပြန်ခဲ့တယ် ဆိုတဲ့ သတင်းတွေနဲ့ ပတ်သက်ပြီး ရှေ့နေဦးဉာဏ်ဝင်းက ပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်က ဒီအမှုနဲ့ပတ်သက်ပြီး တရားဥပဒေစိုးမိုး ရေးဆိုင်ရာ သူ့ရဲ့ ကြေညာချက်တခု အင်္ဂလိပ်လိုရေးပါတယ်။ အဲ့ဒါကို ကျနော် ဗမာလို ဘာသာပြန်ပြီး ကျနော်ရဲ့လျှောက်လဲချက်ထဲမှာ အစိတ်အပိုင်းတခုအ ဖြစ်ထည့်တယ်။ ကြေညာချက်ဆိုတာ အဲ့ဒါပဲ၊ တရားရုံးကို ကျနော်တို့တင်ပါတယ်။ မှတ်မိသလောက်ကတော့ သူပြောတာက ဒီတရားရုံးက အခုအမှုနဲ့ ပတ်သက် ပြီး တချို့လူတွေကို အပြစ်မရှိဘူးလို့ပြောမယ်၊ တချို့လူတွေကို အပြစ်ပေးတာတွေ ရှိမယ်။ ဒီလိုရှိတာတွေအားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနဲ့ ပတ်သက် တယ်လို့ သူက ပြောတယ်။ နောက်တချက် ပြောတာက တရားဥပဒေဆိုတာဟာ တရားစီရင်ရေးကို တရားမျှတအောင်လုပ်နေတယ်လို့ ပြောရုံ၊ လုပ်နေရုံနေ နဲ့မပြီးဘူးတဲ့။ အများအမြင်မှာလည်း အဲ့ဒီလိုလုပ်နေကြောင်း မြင်သာစေရမယ် တဲ့။ ဒါကို justice must not only to be done but seem to be done သူက ဒီလိုပြောပါတယ်။ အဲ့တော့ တရားစီရင်ရေးနဲ့ပတ်သက်ပြီး အဲ့ဒီလို မူသဘောတွေ ကျင့်သုံးရမယ်တဲ့။ နောက်ပြီး လက်ရှိအားဖြင့် ဒီတရားစီရင်ရေးရော၊ အုပ်ချုပ် ရေးရော ဒါတွေအားလုံးဟာ အရေးကြီးတဲ့ကဏ္ဍတွေကနေ မျှတအောင်ဆောင် ရွက်ဖို့လိုတယ်လို့ အဲ့ဒီလိုပြောပါတယ်။”

ဒီကြေညာချက်ကို မနေ့က ကြားနာမှုအတွင်း တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ဒီနေ့ကြားနာမှုအပြီးမှာ ဒေါ်အောင်ဆန်းစုကြည်ဘက်က ဘာမှ မပြောတော့ဘူး လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။ အပြီးသတ် ကြားနာမှုတွေ လုပ်နေစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ခြံဝင်းထဲက မြေကွက်တခုကို သူ့ရဲ့ ဆွေမျိုးတဦး က ရောင်းလိုက်လို့ အရှုပ်အရှင်းဖြစ်နေတယ်ဆိုပြီး ရန်ကုန်မှာ သတင်းတွေ ပျံ့နေပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့လည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

“ကောလာဟလတော့ မဟုတ်ပါဘူး။ သတင်းစာထဲမှာ ပါ ပါတယ်။ ၂၄ ရက်နေ့က ကြေးမုံမှာပါတယ်။ ဒီထဲက မြေအစိတ်အပိုင်းတခုပါ။ အဲဒီအစိတ် အပိုင်းတခုကို တယောက်က သူ့ကို ပေးကမ်းတဲ့စာချုပ်အရ သူပိုင်တယ်ပေါ့။ ရောင်းထားပြီးပြီ၊ ဝယ်တဲ့လူက ဝယ်တယ်ပေါ့။ နာမည်တော့ မပါဘူး။ အဲ့ဒါ ကန့်ကွက်ချင်ရင် ကန့်ကွက်ပါဆိုတဲ့ ကြော်ငြာတခုပါ။”

ဒေါ်အောင်ဆန်းစုကြည်ရဲ့ အိမ်ခြံမြေ တစိတ်တဒေသကို ရောင်းချသူဟာ နေအိမ်ပိုင်ဆိုင်မှုအတွက် တရားစွဲထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အစ်ကို ဦးအောင်ဆန်းဦးနဲ့မဆိုင်ဘဲ သီးခြားတယောက်ဖြစ်တယ်လို့ ပြောပေမယ့် အသေး စိပ်ကို ဦးဉာဏ်ဝင်းက ပြောဆိုခြင်းမရှိပါဘူး။ ဒါပေမယ့် ရန်ကုန်ရှေ့နေ သတင်း ရပ်ကွက်ရဲ့အဆိုအရ အခုမြေရောင်းသူဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့အမေ ဒေါ်ခင်ကြည်ရဲ့အစ်မ ဒေါ်ခင်ကြီးရဲ့ သားတဦးဖြစ်သူ ဦးခင်မောင်အေး ဖြစ်တယ် လို့သိရပါတယ်။ မြေရောင်းတဲ့သတင်း ဘာကြောင့် ဒီအချိန်မှာ အချိန်ကိုက်ထွက် ပေါ်လာသလဲ ဆိုတာမသိနိုင်သေးပေမယ့် ဒါဟာ တခန်းရပ်ထားတဲ့ ဒေါ်အောင် ဆန်းစုကြည်နေအိမ်အမွေကိစ္စကို နအဖဘက်က ပြန်ဖွချင်နေတဲ့သဘော ဖြစ်လိမ့် မယ်လို့ ရန်ကုန်က ရှေ့နေတွေက ထင်ကြေးပေးပါတယ်။

လောလောဆယ်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ခြံဝင်းကို အဖွဲ့ချုပ် ပါတီဝင်လူငယ် ၂ ဦးက တာဝန်ယူ စောင့်ရှောက်နေတယ်လို့သိရပါတယ်။ လာ မယ့် သောကြာနေ့ကျရင် ဒေါ်အောင်ဆန်းစုကြည် ဒီနေအိမ်ကို ပြန်ရောက်လာ မလား၊ ဒါမှမဟုတ် ထောင် ဒဏ် ၃ နှစ်ချခံရမလားဆိုတာကို အများက စိတ်ဝင် တစား စောင့်ကြည့်နေတယ်လို့ ရှေ့နေတွေရဲ့ ပြောကြားချက်အရ သိရပါတယ်။

# နယ်ခြားစောင့်တပ်ပြောင်းရေး ကချင်နှင့် မိုင်းလားဘက်ကို ဖိအားပိုပေး

**DVB၊ ဂျူလိုင် ၂၉။** ။ လာမယ့် ၂၀၁၀ မေလ ရွေးကောက်ပွဲမတိုင်ခင်မှာ ငြိမ်းချမ်းရေးအဖွဲ့တွေကို နယ်ခြားစောင့်တပ်အသွင်ပြောင်းဖို့ စစ်အုပ်စုက ပိုမိုဖိအားပေး ခြိမ်းခြောက်လာတယ်လို့ သိရပါတယ်။

စစ်အုပ်စုရဲ့ နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးစီမံချက်ကို လက်မ ခံတဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေကို နားချဖျောင်းတာရော၊ ခြိမ်းခြောက်တဲ့နည်းနဲ့ပါ လုပ်ဆောင်နေတာလို့ ဘာသာရေးအသင်းအဖွဲ့၊ ငြိမ်းချမ်းရေးအဖွဲ့နဲ့ နီးစပ်သူ တွေက ပြောပါတယ်။ ဒီနေ့ မနက်ပိုင်းက ကေအိုင်အို ကချင်ပြည်လွတ်မြောက် ရေးအဖွဲ့ကို နားချပေးဖို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း ဦးဆောင်တဲ့အဖွဲ့က ဩဇာရှိတဲ့ ဘာသာရေးခေါင်းဆောင်တွေနဲ့ စီးပွားရေးကုန် သည်ကြီးတွေကို ခေါ်ယူပြီး စည်းရုံးဆွေးနွေးခဲ့တယ်လို့ မြစ်ကြီးနားမြို့ခံတဦးက ပြောပါတယ်။ အောင်နန်းရပ်ကွက် ကတ်သလစ်ဘုရားရှိခိုးကျောင်းမှာ ခေါ်ယူ စုဝေးပြီး ပြောဆိုတယ်လို့ အခုလို ပြောပြ ပါတယ်။

“ဒီနေ့မနက် မြစ်ကြီးနားမြို့ စိန့်ကော်လန်ဘင်း ကက်သလစ်ဘုရား ကျောင်းမှာ တိုင်းမှူးက ကက်သလစ်ဘာသာဝင် ဘုန်းတော်ကြီးတွေနဲ့ကချင်လူ ကြီးတွေကိုခေါ်ပြီး ကေအိုင်အိုကို ဖိအားပေးဖို့ ကိစ္စတွေပြောဆိုတယ်။ ၉ နာရီခွဲ ကျော်လောက်က စတာ။ အထက ၁ ကကို သွားပြီးမှ ကက်သလစ်ဘုရား ကျောင်း ဟောခန်းထဲမှာ ပြောတယ်။ ကချင်စီးပွားရေးလုပ်ငန်းရှင်တွေ၊ ဘာသာရေး ဘုန်းတော်ကြီးတွေ စုစုပေါင်း လူ ၁ ရာကျော် ၂ ရာလောက် ရှိမယ်။ အထဲတော့ ဝင်မကြည့်ခဲ့ဘူး။ အဲဒီမှာ ကားတွေ ဆိုင်ကယ်တွေ အပြည့်ပဲ။ ကျနော်နဲ့တွေ့တဲ့ ဘာသာရေးဆရာတယောက် ပြောတာတော့ ၂၀၁၀ ရွေးကောက်ပွဲ မတိုင်ခင် ကေအိုင်အေက နယ်ခြားစောင့်အဖြစ် လက်ခံဖို့နဲ့ တကယ်လို့ လက်မခံဘူးဆိုရင် စစ်ကြေညာမယ်လို့ သူတို့က အဲ့လိုပုံစံမျိုးပြောနေတယ်တဲ့။ တိုင်းမှူးက ဖိအား တွေပေးလို့ သူတို့လည်း စိတ်ညစ်နေတယ်၊ ဘယ်လိုလုပ်ရမှန်း မသိဘူးတဲ့။”

ရှမ်းပြည်အရှေ့ပိုင်း ဦးစိုင်းလင်း ဦးစီးတဲ့ မိုင်းလားအထူးဒေသ ၄ ကိုလည်း ရှေ့လ ဩဂုတ်လ ၈ ရက်နေ့မှာ စစ်တပ်က ဝင်ရောက်မယ်လို့ ခြိမ်းခြောက် ထားပါတယ်။ ဒါနဲ့ ပတ်သက်ပြီး မိုင်းလားအရာရှိဟောင်းတဦးက ရှမ်းဘာသာ နဲ့အခုလို ပြောပါတယ်။

“ရှေ့လ ၈ ရက်နေ့မှာ မိုင်းလားဒေသကို ဝင်ခွင့်ပြုပြု၊ မပြုပြုစစ်တပ် အင်အားနဲ့ ဝင်လာမယ်လို့ ပြောတယ်။ သူတို့ ထပ်ပြီးခြိမ်းခြောက်တာက မိုင်းလား တပ်သားက ၄၊ ၅ ထောင်လောက်ပဲရှိတယ်။ နအဖစစ်တပ်က ၄ သိန်းရှိတယ်။ ဘယ်လိုလုပ်ပြီး တိုက်နိုင်မလဲလို့ ပြောသွားတယ်။ ဒါဟာ လူကြီးက ကလေးကို အနိုင်ကျင့် နှိပ်စက်သလိုဖြစ်နေတယ်။ ဒါပေမယ့် ကျနော်တို့ဘက်ကတော့ အဆင်သင့် ပြင်ထားပါပြီ။”

တရုတ်–မြန်မာ နယ်စပ်တကြောမှာရှိတဲ့ ဝ၊ ကိုးကန့်အဖွဲ့တွေကလည်း စစ်ရေးပြင်ဆင်မှုတွေလုပ်ထားတယ်လို့ အဲဒီ မိုင်းလားအရာရှိဟောင်းတဦးက ပြောပါတယ်၊ ခုလို နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကို စစ်အုပ်စုပြုလုပ်နေတာ ပြီးခဲ့တဲ့ ဧပြီလကုန်ပိုင်းကဖြစ်ပြီး ၂၀၁၀ ရွေးကောက်ပွဲ နီးလာတာနဲ့အမျှ စစ်တပ် အင်အားပါအသုံးချဖို့ပြောလာတာဖြစ်ပါတယ်၊ မွန်ပြည်သစ်ပါတီကလည်း ဒီကိစ္စ ကို အရေးပေါ်အစည်းအဝေးလုပ်ပြီး ဆွေးနွေးနေတယ်လို့ သိရပါတယ်။

# ဒေါ်စုကို ထောင်ချရင် စစ်အုပ်စုအနေနဲ့က ငရဲမီးကို မြှို့ရသလိုဖြစ်မှာပဲ

**DVB ၊ ဂျူလိုင် ၂၉ ။** ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုနဲ့ပတ်သက်ပြီး တရားရုံးရဲ့ ဆုံးဖြတ်ချက်အပေါ် အဖွဲ့ချုပ်အနေနဲ့ ဘယ်လိုမျှော်လင့်ထားလဲ၊ တကယ်လို့ ထောင်ဒဏ်စီရင်ချက်ချခဲ့မယ်ဆိုရင် ဘာတွေ ဆက်လုပ်ဖို့ရှိလဲ စတာတွေနဲ့ ပတ်သက်ပြီး အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်ဦးဝင်းတင်နဲ့ ဆက်သွယ်မေးမြန်းခဲ့တာကို တင်ပြလိုပါတယ်။

ပထမဆုံး သောကြာနေ့မှာ ထွက်ပေါ်လာမယ့် တရားရုံးရဲ့ ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး ဦးဝင်းတင်က သူမျှော်လင့်ထားတာကို ပြောပါတယ်။

"ဒီအမှုက နဂိုကတည်းက နအဖစစ်အုပ်စုအတွက် အရေးကြီးဆုံးဖြစ်တဲ့ ရွေးကောက်ပွဲ အကြိုကာလမှာ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးဦးဆောင်မှု အဆင့်မှာ မရှိစေချင်ဘူး။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် နိုင်ငံရေးလှုပ်ရှားမှုတွေထဲမှာ ဦးဆောင်ခြင်းမပြုနိုင်အောင် ထောင်ထဲထည့်ထားဖို့ ရည်ရွယ်ချက်နဲ့ လုပ်တဲ့အတွက် ဒီတရားစီရင်ရေးကနေ ပေါ်ထွက်လာမယ့် အကျိုးရလဒ်ဟာ ထောင်ဒဏ်အပြစ်ပေးခြင်းပဲလို့ ယူဆတယ်။"

မျှော်လင့်ထားတဲ့အတိုင်း ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ဒဏ်အပြစ်ပေးလိုက်မယ်ဆိုရင် အဖွဲ့ချုပ်အနေနဲ့ ဘာဆက်လုပ်မလဲဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း ဦးဝင်တင်က ပြောပါတယ်။

"အဲ့ဒီအခန်းကဏ္ဍမှာ အဖွဲ့ချုပ်အနေအထားကို ပြောလို့မလွယ်သေးဘူး။ တရားစီရင်ချက်က ပေါ်ထွက်မလာသေးတော့ အဖွဲ့ချုပ်အနေနဲ့ ဒီအပေါ်မှာ ဘယ်လို တုံ့ပြန်မလဲဆိုတာ လောလောဆယ်ပြောနိုင်တဲ့ အနေအထားမရှိသေးဘူး။ သို့သော် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုပေါ်ထွက်လာမယ့် အကျိုးရလဒ်အပေါ်မှာ ပြည်သူလူထုရဲ့တုံ့ပြန်ချက်၊ ကမ္ဘာရဲ့တုံ့ပြန်ချက်၊ နိုင်ငံရေးအဖွဲ့အစည်းများရဲ့တုံ့ပြန်ချက်ဟာ သိပ်ပြီးတော့ ပျော့ပျောင်းမှာမဟုတ်ဘူးလို့ ကျနော်ထင်တယ်။

"ဒေါ်အောင်ဆန်းစုကြည်ဟာ အန်အယ်လ်ဒီရဲ့ အလွန့်အလွန်အရေးကြီးတဲ့ ခေါင်းဆောင်ဖြစ်တယ်။ တိုင်းရင်းသားများက လက်ခံထားတဲ့ ခေါင်းဆောင်အနေအထားမှာရှိတယ်။ ကျောင်းသားလူငယ်များအနေနဲ့ ခေါင်းဆောင်အနေအထားမှာ သတ်မှတ်ခြင်းခံရတဲ့ အနေအထားမှာရှိတယ်။ အဲ့လို ပုဂ္ဂိုလ်တယောက်ကို အမှုစစ္စဲကတည်းက တရားမျှတခြင်းမရှိဘူး။ အကြောင်းအခြေအနေခိုင်လုံခြင်းမရှိဘဲနဲ့ တရားစွဲဆိုတယ်။ ပြစ်ဒဏ်ကိုလည်း ပြင်းပြင်းထန်ထန်ချမယ်ဆိုရင် တုံ့ပြန်မှုတွေက တော်တော့်ကို ပြင်းထန်တဲ့အနေအထားမျိုးတွေ ပေါ်ပေါက်နိုင်တယ်လို့ ကျနော်ထင်တယ်။"

ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ချလိုက်မယ်ဆိုရင် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီ ပေါ်ထွန်းရေးဆိုတာ အလှမ်းဝေးသွားပြီလို့ ပြောဆိုသံတွေ ထွက်ပေါ်နေတာနဲ့ပတ်သက်ပြီးတော့လည်း ဦးဝင်းတင်က သူ့သဘောထားကိုပြောပါတယ်။

"အဲ့ဒီလောက်ကြီးတော့ ကျနော် မတွက်ဘူး။ ဒေါ်စုရှိရင်၊ ခေါင်းဆောင်မှု အပြင်မှာလွတ်လွတ်လပ်လပ် ပေးနေနိုင်ရင်တော့ ဒီမိုကရေစီကြိုးပမ်းမှုတွေက ပိုပြီးတော့ အသီးအပွင့် ဝေဆာနိုင်တဲ့သဘောရှိတာပေ့ါ။ သို့သော် ဒေါ်စုကို ထောင်ချလိုက်ခြင်းအားဖြင့် ဒီမိုကရေစီလှုပ်ရှားမှုတွေ၊ တောင်းဆိုမှုတွေ၊ ကြိုးပမ်းအားထုတ်မှုတွေ ပျက်ပြားသွားလိမ့်မယ်လို့ ကျနော်ကတော့ မယူဆဘူး။ ဘာလို့လဲဆိုတော့ ဒေါ်စုရဲ့ ခေါင်းဆောင်မှုဟာ ထောင်ထဲမှာ ရှိခြင်း မရှိခြင်းအပေါ်မှာမူမတည်ဘူး။ ဒေါ်စုရဲ့ ခေါင်းဆောင်မှုကို ကျနော်တို့ အမြဲတမ်းရနေတာပဲ။ နမူနာအားဖြင့် ဒီနှစ်ဆန်းမှာ ဒေါ်စုက သူ့ခြံရှေ့မှာ တိုင်းပြည်အကျိုးစီးပွားအတွက် ရဲရဲရင့်ရင့် လုပ်ကြပေ့ါဗျာ ဆိုတော့ ဒီလိုစကားလုံး တလုံးသည်ပင်လျှင် ကျနော်တို့ အန်အယ်လ်ဒီနဲ့ နိုင်ငံရေး အင်အားစုများကြားထဲမှာ လမ်းညွှန်မှုသဘောတွေအနေနဲ့ရှိတာပဲ။"

"ဒေါ်စုရှိရင်တော့ အကောင်းဆုံးပေ့ါ၊ သို့သော် ဒေါ်စုမရှိတဲ့အတွက်လည်း ကျနော်တို့ စိတ်ပျက်အားငယ်ပြီး မလုပ်နိုင်မကိုင်နိုင်၊ မလုပ်တတ် မကိုင်တတ် ဖြစ်လိမ့်မယ်လို့တော့ မဟုတ်ဘူး။ လုပ်နိုင်သလောက်၊ လုပ်တတ်သလောက်နဲ့ ဆက်လက်ပြီး အားထုတ်သွားမှာပဲ။ ဒေါ်စုကို ဒီလို မတရားလုပ်ခြင်းကို အကြောင်းပြုပြီးတော့ ကျနော်တို့ ဒီမိုကရေစီကြိုးပမ်းအားထုတ်မှုတွေ ရန်းကန်လှုပ်ရှားမှုတွေဟာ ပိုပြီးတော့ပြင်းထန်လာလိမ့်မယ်လို့ ကျနော် ယူဆပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုကို သောကြာနေ့မှာ စီရင်ချက်ချဖို့စီစဉ်နေတဲ့ နအဖအာဏာပိုင်တွေကို…"သောကြာနေ့မှာ စီရင်ချက်ချတာကို ကြက်ကလေး ငှက်ကလေး ဖမ်းသလိုမျိုးမရဘူး၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုကိုချလိုက်ပြီဆိုရင် စစ်အုပ်စုအနေနဲ့က ငရဲမီးကို မြှို့ရသလိုဖြစ်မှာပဲလို့ ကျနော်ပြောချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဟာနဲ့ပတ်သက်လို့ ပြည်သူရဲ့တုံ့ပြန်မှုဟာ အလွန်ကြီးမားတဲ့ ပုံသဏ္ဍာန်နဲ့ပေါ်ထွက်လာမှာပဲလို့ ကျနော်ယူဆတယ်" လို့ ပြောချင်ကြောင်း ဦးဝင်းတင်က ပြောပါတယ်။

# နအဖစစ်အုပ်စု နောက်ငါးနှစ်အတွင်း အနုမြူလက်နက်ထုတ်နိုင်ဖွယ်ရှိ

**RFA ၊ ဩဂုတ် ၁ ။** ။ နအဖစစ်အုပ်စုဟာ ငါးနှစ်အတွင်း အနုမြူလက်နက်ထုတ်လုပ်နိုင်ရေးအတွက် မြောက်ကိုရီးယားရဲ့အကူအညီနဲ့ လျှို့ဝှက်အနုမြူဓာတ်ပေါင်းဖိုတခုနဲ့ ပလူတိုနီယံသန့်စင်ရေးစက်ရုံကို တည်ဆောက်အကောင်အထည်ဖော်နေတယ်လို့ ဩစတေးလျားနိုင်ငံရောက် မြန်မာစစ်တပ်ကထွက်ပြေးလာသူတချို့ကို ကိုးကားပြီး AFP သတင်းမှာ ဖော်ပြထားပါတယ်။

မြန်မာစစ်တပ်ကထွက်ပြေးလာသူနှစ်ဦးဖြစ်တဲ့ နာမည်ဝှက် ကိုမိုးကြိုးနဲ့ကိုတင်မင်းတို့က ဩစတေးလျထောက်လှမ်းရေးဖြစ်သူ Desmond Ball ကို ပြောဆိုရာမှာ စစ်အစိုးရအနေနဲ့ အနုမြူစီမံကိန်းကို မြန်မာပြည်မြောက်ပိုင်း Naung Laing အရပ်က တောင်တလုံးပေါ်မှာ မြောက်ကိုရီးယားအကူအညီနဲ့ လျှို့ဝှက်တည်ဆောက်နေတယ်လို့ ဆိုပါတယ်။ အဲဒီ စက်ရုံနဲ့ကပ်လျက်မှာ အလားတူ အရပ်ဘက်သုံး တခြားဓာတ်ပေါင်းဖိုတခုကိုလည်း ရုရှားအကူအညီနဲ့ တည်ဆောက်နေတယ်လို့ပြောပါတယ်။

မြောက်ကိုရီးယားက မြန်မာစစ်အစိုးရကို လက်နက်နဲ့အနုမြူနည်းပညာလွှဲပြောင်းကူညီပေးနေတဲ့ သတင်းတွေအတွက် စိုးရိမ်ပူပန်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောဆိုခဲ့ပြီး သီတင်းပတ်အနည်းငယ်အတွင်း ဒီသတင်းထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အနုမြူလက်နက်ထုတ်လုပ်နိုင်ဖို့ လုံခြုံရေးနဲ့တခြားအခက်အခဲတွေ ရှိနိုင်တဲ့အတွက် အနည်းဆုံးနှစ် ၂၀ လောက် အချိန်ယူရဖွယ်ရှိတယ်လို့ အမေရိကန်ကျွမ်းကျင်သူတချို့ရဲ့ ခန့်မှန်းချက်တွေ မကြာသေးခင်ကဘဲ ပေါ်ထွက်ခဲ့ပါတယ်။

ဒါပေမယ့် ဩစတေးလျနိုင်ငံ မက်ကွာရီတက္ကသိုလ်က မြန်မာ့အရေးကျွမ်းကျင်သူ ပါမောက္ခ ရှောင်တာနဲလ်ကတော့ မြောက်ကိုရီးယား ဒါမှမဟုတ် နိုင်ငံတခုခုရဲ့ အကူအညီနဲ့ဆိုရင် မြန်မာစစ်အစိုးရရဲ့ ၅ နှစ်အတွင်း အနုမြူဗုံးထုတ်လုပ်နိုင်ရေးစီမံကိန်းဟာ ဖြစ်နိုင်ဖွယ်ရှိတယ်လို့ ပြောပါတယ်။ မြန်မာနိုင်ငံမှာ မြောက်ကိုရီးယားလို နိုင်ငံမျိုးက လိုအပ်နေတဲ့ယူရေနီယမ်ထွက်ရှိတဲ့အပြင် သဘာဝဓာတ်ငွေ့ ရောင်းချလို့ရတဲ့နိုင်ငံခြားငွေ အလုံအလောက်ရှိတဲ့အချက်တွေကြောင့် ငွေကြေးလိုအပ်ချက် ကြီးမားတဲ့ မြောက်ကိုရီးယားနဲ့ လက်တွဲလုပ်ဆောင်ဖို့ ဖြစ်နိုင်ချေများတယ်လို့ သူကပြောပါတယ်။

မြန်မာစစ်အစိုးရ လက်ရှိအကောင်အထည်ဖော်နေတဲ့ ဓာတ်ပေါင်းဖိုဟာ ၂၀၁၄ ခုနှစ်နောက်ပိုင်းမှာ တနှစ်ကို အနုမြူဗုံးတလုံး ထုတ်လုပ်သွားနိုင်မယ်လို့ မြန်မာစစ်တပ်ကထွက်ပြေးလာသူနှစ်ဦးက ထုတ်ဖော်ပြောဆိုကြောင်း သတင်းမှာ ဖော်ပြထားပါတယ်။ ဒီသတင်းနဲ့ပတ်သက်လို့ တခြားသတင်းဌာနတွေရဲ့ အတည်ပြုချက်တော့ မရသေးပါဘူး။

# ရန်ကုန်၊ မကွေးတိုင်းမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေ လိုက်လံဖမ်းဆီး

**RFA । ဂျူလိုင် ၃၁ ။** ။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို စီရင်ချက်ချမယ်လို့ပြောထားတဲ့ ဂျူလိုင် ၃၁ ရက်မတိုင်ခင်ညက ရန်ကုန်တိုင်းနဲ့မကွေးတိုင်းအတွင်းက အဲန်အဲယ်ယ်ဒီပါတီဝင် ၃၀ နီးပါးကို သက်ဆိုင်ရာက လိုက်လံဖမ်းဆီးထိန်းသိမ်းခဲ့တယ်လို့ သိရပါတယ်။

ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်တဦးအပါအဝင် နယ်အနှံ့အပြားက ဖမ်းဆီးခံခဲ့ရတဲ့ အဲန်အဲယ်လ်ဒီပါတီဝင်တွေရဲ့စာရင်းနဲ့ နောက်ဆုံးသိရတဲ့အခြေအနေတွေကို အဲန်အဲယ်လ်ဒီပြောရေးဆိုခွင့်ရှိသူ ဦးအုန်းကြိုင်ကအခုလိုပြောပြပါတယ်။ “ရေနံချောင်းက ကိုမြင့်ငွေ၊ ကိုတင့်လွင်၊ ကိုသန်းမောင်၊ ကိုခင်ဝင်း၊ နောက်အောင်လံက ဦးအေးမြင့်၊ ကိုမင်းမောင်၊ တောင်တွင်းက ကိုစိုး၊ ကိုပါလေး၊ ကိုကျော်နိုင်၊ မြို့သစ်က ဦးသာအောင်က လွှတ်တော်ကိုယ်စားလှယ်၊ ဇင်မမထွန်း၊ ဦးသန်းမြင့်၊ ဒဂုံမြို့သစ်က ထိန်ဝင်း၊ မခင်ဝင်းကြည်၊ မင်းဘူး စကု က ဦးသောင်းစိုး၊ နေမျိုးကျော် ပွင့်ဖြူက ကိုအောင်ဝင်း၊ ကိုအောင်တင်လင်း၊ မင်္ဂလာဒုံက မခင်မြတ်သူ၊ ဒေါပုံက ကိုနေလင်းကျော်၊ သာကေတက ကိုနေလင်းစိုး၊ ပခုက္ကူက ကိုပိုက်ကို၊ ကိုကျော်မြင့်အေး၊ ကိုဌေးဝင်း၊ ဦးတင်ညွန့်ပါ။ ဘာလို့ဖမ်းတယ်ဆိုတာကတော့ မသိဘူးဗျ။ အဲဒီ သက်ဆိုင်ရာဒေသတွေမှာရှိတဲ့ ရဲတို့ ရပ်ကွက်တာဝန်ရှိတဲ့သူတွေက လာပြီး ခေါ်သွားတာတွေဘဲသိတယ်။”

မင်္ဂလာဒုံမြို့နယ် လူငယ်အဖွဲ့ဝင် မခင်မြတ်သူနဲ့ ဒဂုံမြို့သစ်က ကိုထိန်ဝင်းတို့ကို ဖမ်းဆီးခံခဲ့ရတဲ့အခြေအနေနဲ့ ပတ်သက်ပြီး အဲန်အဲယ်လ်ဒီလူငယ် မဖြူဖြူသင်းက အခုလိုပြောပြပါတယ်။

“ခင်မြတ်သူကိုကျတော့ မနေ့ညက ညနေစောင်းလောက်က သူ့အဖေကို ခေါ်တယ်တဲ့။ သူ့အဖေကိုခေါ်ပြီးတော့ ဒီနေ့ အင်းစိန်ကိုမသွားဘို့ တားပေးပါလို့ ပြောတယ်။ ပြောတော့ သူ့အဖေက ဘာမှဝန်မခံပေးဘူးတဲ့။ ဝန်မခံပေးတဲ့အခါကျတော့ ည ၁ နာရီခွဲလောက်မှာ လာခေါ်သွားတယ်တဲ့။ ခဏပါဆိုပြီးပြောတယ်တဲ့။ အခုသူ့ကို မင်္ဂလာဒုံရဲစခန်းမှာထားတယ်။ သူတို့သွားတွေ့လို့တော့ရတယ်တဲ့။ မနက်ကသူ့အမေနဲ့တွေ့လိုက်တယ်လေ။ စခန်းမှူးကပြောတယ်တဲ့ ကာလအချိန်တခုအထိကြာအောင် သူတို့ခေါ်ထားမယ်ဆိုတဲ့ ပုံစံမျိုးပြောတယ်တဲ့။ အဓိက ကတော့ အင်းစိန်ထောင်ရှေ့မသွားဘို့ပေါ့။ ကိုထိန်ဝင်းကတော့ ညက ပါသွားတာဘဲကြားတယ်။”

မကွေးတိုင်း၊ ရေနံချောင်းမြို့က အဲန်အဲယ်လ်ဒီဥက္ကဋ္ဌဦးခင်ဝင်း၊ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဦးတင့်လွင်၊ ဦးမြင့်ငွေနဲ့ဦးသန်းအောင်တို့ကို ည ၁ နာရီကျော်လောက်မှာ ရေနံချောင်းရဲစခန်းက ခဏလေးမေးစရာရှိလို့ပါဆိုပြီး ခေါ်သွားလို့ အဝတ်တထည် ကိုယ်တခုနဲ့ဘဲ လိုက်သွားတာလို့ ဦးတင့်လွင်ရဲ့ဇနီး ဒေါ်ခင်မော်သန်းက ပြောပါတယ်။

မင်းဘူး၊ စကုနဲ့ပွင့်ဖြူမြို့က ပါတီဝင်တွေ ဖမ်းဆီးခံခဲ့ရတဲ့အကြောင်းကိုတော့ မကွေးတိုင်း အဲန်အဲယ်လ်ဒီပါတီဝင်တဦးက အာအက်ဖ်အေကို အခုလိုပြောပြပါတယ်။ “ကျမတို့ဒီမှာတော့ တိတိကျကျမသိရသေးဘူးရှင့်။ ဘယ်ကိုခေါ်တယ်ဆိုတာ၊ မင်းဘူးက ဦးသောင်းစိုးပါတယ်။ စကု က နေမျိုးကျော်လည်းပါသွားတယ်။ ဦးသောင်းစိုးက အမှတ် ၂ ရဲစခန်းမှာ၊ နေမျိုးကျော်က အမှတ် ၁ ရဲစခန်းထဲမှာ။ နောက်တခါ ပွင့်ဖြူက ကိုအောင်ဝင်းနဲ့ကျန်တဲ့တယောက် ပွင့်ဖြူရဲစခန်းထဲမှာဘဲ ရှိတယ်တဲ့။”

တောင်တွင်းကြီး အဲန်အဲယ်လ်ဒီဒုဥက္ကဋ္ဌ ဦးမောင်စိုး၊ အတွင်းရေးမှူး ဦးပါလေးနဲ့ အဖွဲ့ဝင် ကိုကျော်နိုင်တို့ကို ည ၁၂ နာရီလောက်မှာ လာခေါ်သွားပြီး ဘယ်မှာထားတယ်ဆိုတာ မသိရသေးတဲ့အကြောင်း တောင်တွင်းကြီး အဲန်အဲယ်လ်ဒီပါတီဝင် တဦးကပြောပါတယ်။ “အခုသူတို့အိမ်တွေက လိုက်တော့လိုက်နေကြတုန်း၊ ဘာမှတော့အထွေအထူးမပြောဘူး။ ဒီအတိုင်းဘဲ ခဏလိုက်ခဲ့ပါအုန်း ဒီလောက်ဘဲပြောတာ။ ကျနော်တို့ကတော့ တွက်ထားပြီးသားပေါ့ဗျာ။”

မကွေးတိုင်း၊ အောင်လံမြို့နယ် အဖွဲ့ချုပ်အဖွဲ့ဝင် ဦးအေးမြင့်နဲ့ကိုမင်းမောင်တို့နှစ်ဦးကို ညအချိန်မတော် အကြောင်းပြချက်မရှိ လာဖမ်းသွားခဲ့ပုံကို မိသားစုနဲ့နီးစပ်တဲ့ ဒေသခံအမျိုးသမီးက အခုလိုပြောပြပါတယ်။ “ည ၁ နာရီလောက်ကလို့ပြောတယ် အဖမ်းခံရတာ။ ဦးအေးမြင့်ရယ် ကိုမင်းမောင်ရယ် မိသားစုဆီကခေါ်သွားတုန်းကတော့ ညှော်စာရင်းဝင်စစ်သလိုနဲ့ ဝင်စစ်ပြီးတော့ သူတို့နဲ့လိုက်ခဲ့ဘို့ခေါ်တယ်ပေါ့နော်။

အဲဒီတော့ သူတို့အမျိုးသမီးတွေက လာခေါ်တဲ့သူတွေရဲ့ နံမည်တွေဘာတွေကို တောင်းထားတယ်တဲ့။ ဦးအေးမြင့်ကို ခေါ်သွားတဲ့လူတွေရဲ့နံမည်ကိုတော့ မသိဘူးရှင့်။ ကိုမင်းမောင်ကို ခေါ်သွားတာတော့ မြို့နယ်မှူးဦးစိုးသန်း၊ ဒုရဲအုပ်ကျော်ထူး အဲလိုပြောတယ်။ ၁၀ ဦးလောက်ပါတယ်ပြောတယ်။ မြို့နယ်အာဏာပိုင်တွေဘဲ။

သူတို့ရဲ့မိသားစုဝင်တွေက ဒီနေ့မနက် အောင်လံမြို့နယ်ရဲစခန်းကို သွားရောက်စုံစမ်းတဲ့အခါ ရဲစခန်းမှာမရှိဘဲ ဘယ်နေရာမှာပို့ထားတယ်ဆိုတာကိုလည်း မပြောဘူးလို့သိရပါတယ်။ အခုလို ဖမ်းဆီးမှုတွေလုပ်နေတဲ့အကြောင်းရင်းကို သေချာမသိရပေမယ့် ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှု အမိန့်ချမယ်ဆိုတဲ့ရက်နဲ့ တိုက်ဆိုင်နေတာကြောင့် တကယ်လို့များ ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်ဒဏ်ချခဲ့ရင် အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုတစုံတရာ ဖြစ်လာနိုင်တာကို ကြိုတင်ကာကွယ်တဲ့ သဘောနဲ့ စစ်အစိုးရက လက်ဦးမှုယူနေတာဖြစ်နိုင်တယ်လို့ နိုင်ငံရေးသုံးသပ်သူ တချို့က ပြောဆိုနေကြပါတယ်။

# လဝကရုံးကို ဖျက်ဆီးသူများ ဖမ်းဆီး

**DVB । ဂျူလိုင် ၂၉ ။** ။ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်နီမော် ကျေးရွာက မွတ်စလင်ဘာသာဝင် ၄၀ ခန့်ဟာ လူဝင်မှုကြီးကြပ်ရေးရုံး ဖျက်ဆီးမှုနဲ့ အဖမ်းခံထားရတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့လ ၂၈ ရက်နေ့က အခင်းဖြစ်ပွားတာဖြစ်ပြီး ဒေသခံ မွတ်စလင်ဘာသာဝင်တွေက လဝကနဲ့ စရဖတို့ ပူးတွဲရုံးထိုင်တဲ့ရုံးကို ဖြိုချလိုက်တာပါ။ မွတ်စလင်ဘာသာဝင်တဦး ခရီးသွားခွင့်လက်မှတ်ရက်လွန်တာကို ဒေသခံ လဝကနဲ့ စရဖတို့က ငွေကြေးတောင်းခံရာ အရေးအခင်းစတင်တာလို့ ဒေသခံတဦးက ပြောပါတယ်။ ခရီးသွားခွင့်လက်မှတ်ရက်လွန်သူ မွတ်စလင်ဘာသာဝင်ဟာ အာဏာပိုင်တွေတောင်းတဲ့ ငွေကြေးကိုမပေးလို့ ရိုက်နှက်ခံရတာက ပြဿနာ စတယ်လို့ ဒေသခံက ပြောပါတယ်။

“ဗီဇာအပ်တဲ့လူက ဗီဇာလုပ်တဲ့အချိန်မှာလည်း ငွေကြေးကို အဆန်မတန် ပေးထားပြီးပြီ။ ဗီဇာအပ်တဲ့ အချိန်မှာလည်း ငွေကြေးမပေးနိုင်တော့ဘူး။ ဒါကြောင့် မို့မယူပါနဲ့လို့ပြောတော့ သူ့ကို ရိုက်နှက်လိုက်တာ သွေးတွေအန်ပြီးတော့ လက်ကျိုးသွားတယ်။ ရွာက သူ့ဆွေမျိုးတွေက ဒီသတင်းကိုကြားတော့ လိုက်လာပြီး အဲ့ဒီက ရိုက်လိုက်တဲ့လူတွေကို ရွာကလူတွေက ဝိုင်းရိုက်တာပေါ့၊ အဲ့ဒီမှာ ပြဿနာတွေဖြစ်ပြီး ရုံးတွေဘာတွေကို ဖြိုလိုက်တဲ့အခါမှာ အလံတွေပါ ဖြိုလိုက်တော့ နည်းနည်းပြဿနာပိုကြီးသွားတာပေါ့။”

အဆိုပါဒေသမှာ ကျေးရွာသားတွေဟာ ခရီးသွားချင်တဲ့အခါ ပုံစံ ၄ လို့ခေါ်တဲ့ ခရီးသွားလက်မှတ်ကို လဝက ထံတောင်းခံရပြီး ခရီးသွားမယ့်ကာလ နေ့ရက်အတိုင်း လဝကက သွားလာခွင့် လက်မှတ်ထုတ်ပေးတာဖြစ်ပါတယ်။ ကျောက်နီမော် ကျေးရွာလူထုရဲ့ လေးပုံသုံးပုံဟာ မွတ်စလင်ဘာသာဝင်တွေ ဖြစ်ကြပြီး အခုလို ပြဿနာဖြစ်ပြီးတဲ့နောက် အာဏာပိုင်တွေက အရေးအခင်းနဲ့ မသက်ဆိုင်သူတွေကိုပါ ဖမ်းဆီးထားတယ်လို့ ဒေသခံက ပြောပါတယ်။

“အခုချိန်မှာ သူတို့က ပြဿနာတွေကို သေသေချာချာ မစိစစ်ဘဲနဲ့ရုံးကို ဖြိုတဲ့ လူတွေကိုလည်း မှန်မှန်ကန်ကန် မဖမ်းဆီးဘဲ ဒီရွာမှာရှိတဲ့ မဆိုင်တဲ့လူတွေကို ဖမ်းတာ၊ အယောက် ၄၀ လောက်ရှိသွားပြီ။ အဖမ်းခံရတဲ့ လူတွေဟာ အားလုံး အစ္စလာမ်တွေဖြစ်တယ်။ မပါတဲ့လူတွေရော၊ အသက်ကြီးတဲ့လူတွေရော၊ အသက်ငယ်တဲ့လူတွေရော အားလုံး ဆွဲထည့်တဲ့ အခါမှာ ရွာမှာလူတွေက မနေနိုင်လောက်အောင် ကြောက်လန့်ပြီး အားလုံးက ထွက်ပြေးနေရတဲ့ အနေအထားမျိုး ဖြစ်နေတယ်။”

အဖမ်းခံထားရသူတွေကို ရမ်းပြဲအချုပ်မှာ ချုပ်နှောင်ထားပြီး လာမယ့် ဩဂုတ်လ ၁၀ ရက်နေ့မှာ ရုံးထုတ်စစ်ဆေးမယ်လို့ သိရပါတယ်။

# ပင်လယ်ကွေ့ဒေသနှင့် မြန်မာ့အရေး ကမ္ဘာ့အရေး

**ယခင်ပတ်မှအဆက်**

ခင်မမမျိုး

## ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ

ဆော်ဒီအာရေးဗီးယား၊ ယူအေအီး၊ စတဲ့ နိုင်ငံတွေပါဝင်တဲ့ ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီဆိုတာ ဒေသတွင်းလုံခြုံရေးနဲ့ ပတ်သက်တဲ့ အဖွဲ့တော့ မဟုတ်ပါဘူး။

ဒါပေမယ့် ဒီအဖွဲ့ပေါ်ပေါက်လာတာကတော့ အီရန်တော်လှန်ရေးနဲ့ အနည်းငယ် ပတ်သက်စပ်ဆိုင်ခဲ့ပါတယ်။ ဒီနိုင်ငံတွေဟာ ဒေသတွင်းနိုင်ငံရေးကို လွှမ်းမိုးချုပ်ချယ်နိုင်စွမ်းမရှိဘဲ အီရတ်၊ အီရန် နိုင်ငံကြီးနှစ်ခုပေါ်မူတည်ပြီး သူတို့ရဲ့မူဝါဒတွေက ပြောင်းနေပါတယ်။ ဒါပေမယ့် သူတို့နိုင်ငံတွေထဲမှာရှိနေကြတဲ့ internal tensions တွေကလည်း ပင်လယ်ကွေ့ဒေသကရေနံတွေ ကမ္ဘာ့ဈေးကွက်ကို သင့်လျော်တဲ့ဈေးနဲ့ စီးဆင်းနှုန်းကို ထိခိုက်စေနိုင်ပါတယ်။

၂၀၀၃ အီရတ်စစ်ပွဲမတိုင်ခင်ကာလက ဂီစီစီနိုင်ငံများကို အမေရိကန်ရဲ့ လုံခြုံရေးစောင့်ရှောက်မှုနဲ့ပတ်သက်တဲ့ အမေရိကန်မူဝါဒနဲ့ပတ်သက်ပြီး မဟာဗျူဟာလေ့လာရေး ပညာရှင်တယောက်က အီရန်နဲ့အီရတ်တို့အကြားက အင်အားယှဉ်ပြိုင်မှုဟာ ပင်လယ်ကွေ့ဒေသက တခြားနိုင်ငံများကို ခြိမ်းခြောက်သလို ဖြစ်လာစေခဲ့ကြောင်း သုံးသပ်ပြောဆိုခဲ့ပါတယ်။

အီရတ်စစ်ပွဲနောက်ပိုင်းကာလမှာ ဒီအသွင်သဏ္ဌာန်ဟာ ပြောင်းလဲလာခဲ့ပေမယ့် အီရန်ရဲ့နိုင်ငံရေး ရည်မှန်းချက်တွေ၊ proxy warfare နဲ့ ပတ်သက်တဲ့ အောင်မြင်မှုတွေ၊ နျူကလီးယားလက်နက် ထုတ်လုပ်ရေး စတာတွေဟာ ဂီစီစီအဖွဲ့ဝင်နိုင်ငံများရဲ့ လုံခြုံရေးကို ခြိမ်းခြောက်နေသလို ဖြစ်လာခဲ့တယ်။ ဒါကြောင့်လည်း ဂျီစီစီနိုင်ငံများရဲ့ စစ်အသုံးစရိတ်ဟာ တဖြည်းဖြည်းမြင့်တက်လာခဲ့တယ်။

၂၀၀၇ ခုနှစ်က ယူအေအီးမှာလုပ်ခဲ့တဲ့ လက်နက်ပြပွဲမှာ ဆော်ဒီနိုင်ငံဟာ တိုက်လေယာဉ်၊ ဒုံးကျည်၊ ချေမှုန်းရေးရဟတ်ယာဉ်နဲ့ တင့်ကား သုံးရာကျော်ကို ဒေါ်လာ ၅၀ ဘီလီယံ အကုန်အကျခံပြီး ဝယ်ယူခဲ့တယ်။ ယူအေအီးနိုင်ငံကတော့ လက်ရှိ ပင်လယ်ကွေ့ဒေသရဲ့ လုံခြုံရေးဟာ လမ်းစုံတခုကိုရောက်နေသလို ဖြစ်နေတယ်လို့ ထင်မြင်တာကြောင့် စစ်လက်နက်အင်အားတိုးချဲ့မှုကို ပြုလုပ်လာခဲ့တယ်။

ဒါပေမယ့် ဂျီစီစီနိုင်ငံများရဲ့ စစ်လက်နက်အင်အားချဲ့မှုဟာ အီရန်လို ဒေသတွင်းလွှမ်းမိုးရေး ရည်ရွယ်ချက်တွေနဲ့တော့ မဟုတ်ဘူး။ သူတို့ရဲ့ energy reserves ကို ကာကွယ်ပေးဖို့နဲ့ ပင်လယ်ကွေ့ဒေသကို အမေရိကန်ရဲ့လုံခြုံရေး အကာအကွယ်ပေးနေမှုကို တတ်နိုင်သမျှ လျော့ချနိုင်ဖို့ဖြစ်ပါတယ်။ ဒီအချက်နှစ်ခုကလွဲရင် ဂျီစီစီတိုင်းပြည်တွေက ပင်လယ်ကွေ့ဒေသရဲ့ လက်ရှိလုံခြုံရေးအခြေအနေကို ပြောင်းလဲလိုစိတ်မရှိကြပါဘူး။ ဒါပေမယ့်လည်း သူတို့ရဲ့ပြည်တွင်းရေးမှာ ပြောင်းလဲနိုင်တဲ့ အလားအလာတွေဟာ ဒေသတွင်းအခြေအနေတွေကိုပါ ထိခိုက်မှုရှိလာနိုင်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ဆော်ဒီအာရေဗီးယားနိုင်ငံကို ဥပမာ ပေးလိုပါတယ်။ ဆော်ဒီဟာ ကမ္ဘာ့ oil reserves ရဲ့ ၂၁.၉% ကို ပိုင်ဆိုင်ထားပါတယ်။ လေ့လာသုံးသပ်သူတွေကတော့ ဆော်ဒီနိုင်ငံအတွင်းမှာဖြစ်နေတဲ့ tensions တွေဟာ နိုင်ငံတွင်း နိုင်ငံရေးမတည်ငြိမ်မှု ဖြစ်လာနိုင်စေတယ်လို့ သုံးသပ်ကြပါတယ်။ အဓိက တင်းမာမှုတွေကတော့ Crown Prince Abdulla နဲ့ သူ့ရဲ့ half-brother ပြည်ထဲရေးဝန်ကြီး Prince Nayef တို့အကြားက တင်းမာမှုဖြစ်ပါတယ်။ ပညာရှင်တွေက Abdulla ကို လစ်ဘရယ်ပြုပြင်ပြောင်းလဲသူလို့ သတ်မှတ်ကြပြီး Nayef ကတော့ အမေရိကန်ဆန့်ကျင်ရေး ဘာသာရေးခေါင်းဆောင် clerics တွေဘက်က ရပ်တည်သူလို့သတ်မှတ်ကြပါတယ်။

ဆော်ဒီမှာဖြစ်လာနိုင်မယ့် ပြည်တွင်းနိုင်ငံရေးအခြေအနေနဲ့ ပတ်သက်ပြီး scenario နှစ်ခုရှိနေပါတယ်။ ပထမတမျိုးကတော့ စီးပွားရေးကျဆင်းမှုတွေနဲ့ house of saud ရဲ့ အာဏာတည်မှုကို ခြိမ်းခြောက်နေမှုတွေကြောင့် အမေရိကန်နဲ့ အနောက်ဆန့်ကျင်ရေး သမားတွေဘက်ကို အနိုင်ရသွားစေနိုင်မှုဖြစ်ပါတယ်။ အဲဒီလို ဖြစ်လာခဲ့ရင်တော့ oil flow ကို ထိခိုက်စေနိုင်ပါတယ်။ နောက်ထပ် ဖြစ်နိုင်ချေတခုကတော့ တင်းမာမှုတွေဆက်ဖြစ်နေပေမယ့် လက်ရှိအုပ်ချုပ်ရေးကိုတော့ မထိခိုက်နိုင်တဲ့အခြေအနေပါ။ ဒီ scenario နှစ်ခုထက်ပိုပြီး ခြိမ်းခြောက်နေတဲ့အချက်ကတော့ oil facilities တွေကို ဖျက်ဆီးဖို့ကြိုးစားမယ့် အကြမ်းဖက်လုပ်ရပ်တွေပါဘဲ။ ဒါကို ကာကွယ်ဖို့ ပိုအရေးကြီးတယ်လို့လည်း တချို့အကြမ်းဖက်လေ့လာရေးပညာရှင်တွေက ထောက်ပြခဲ့ကြပါတယ်။

## မြန်မာ့အရေး

ကျမတို့မြန်မာနိုင်ငံနဲ့ ဒီပင်လယ်ကွေ့ဒေသအကြား ဆက်နွယ်မှုတွေကတော့ အသွင်သဏ္ဌာန်သုံးမျိုးရှိနေပါတယ်။ ပထမတမျိုးကတော့ အာရှ–ပစိဖိတ်ဒေသထဲကို တင်သွင်းနေတဲ့ရေနံတွေဟာ ပင်လယ်ကွေ့ဒေသကဖြစ်တာကြောင့် ဈေးနှုန်းအတက်အကျဟာ မြန်မာနိုင်ငံရဲ့စီးပွားရေးအပေါ် ထိခတ်မှုတွေရှိပါတယ်။ နောက်တမျိုးကတော့ ပင်လယ်ကွေ့ဒေသက ရေနံတွေကို တရုတ်ရဲ့တင်သွင်းမှု အခြေအနေဖြစ်ပါတယ်။

တရုတ်ရဲ့မြန်မာပြည်အပေါ် စိတ်ဝင်စားမှုကို ဆွဲဆောင်ထားတဲ့ အရေးအကြီးဆုံးအချက်ကတော့ energy security အတွက် ဖြစ်နေတာကြောင့်ပါဘဲ။ နောက်ထပ်တမျိုးကတော့ အတွေးအခေါ်နဲ့မျှော်လင့်ချက်တွေပါ။ အီရတ် ၂၀၀၃ ခု စစ်ပွဲအပြီးမှာ ပြည်တွင်း ပြည်ပ ဒီမိုကရေစီလှုပ်ရှားသူတွေက အီရတ်ကို အမေရိကန်ဝင်တိုက်သလို မြန်မာနိုင်ငံကိုလည်း လာတိုက်ပေးမှာဘဲလို့ မျှော်လင့်ကြပါတယ်။ မျှော်လင့်သူတွေလည်း ရှိနေဆဲပါဘဲ။

ဒါပေမယ့် မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စစ်ရေး၊ ပထဝီဝင်အနေအထားဟာ အီရတ်လိုမဟုတ်ပါဘူး။ အီရတ်မှာတုန်းက နိုင်ငံတကာဝင်ရောက်မှုကို ဆန့်ကျင်ကန့်ကွက်မယ့် အင်အားကြီးနိုင်ငံတွေ ဒေသတွင်းမှာမရှိပါဘူး။ အင်အား အတိုင်းအတာတခုရှိတဲ့ အီရန်က လူမျိုးရေးကိစ္စရှိနေတာကြောင့် နှုတ်ဆိတ်နေပါတယ်။ ပြီးတော့ အမေရိကန်ကလည်း ဒီဒေသရဲ့လုံခြုံရေးကို တာဝန်ယူထားတဲ့နိုင်ငံဖြစ်တာကြောင့် အမေရိကန်ဦးဆောင်တဲ့တပ်တွေ အီရတ်ကို ဝင်ရောက်တိုက်ခိုက်မှုအတွက် အခက်အခဲမရှိလှပါဘူး။ အီရတ်ကိုမဝင်ရောက်ခင်မှာ ကျင့်သုံးခဲ့တဲ့ dual containment မူဝါဒက မအောင်မြင်ခဲ့ပါဘူး။

မြန်မာပြည်အရေးမှာကျတော့ မြန်မာနိုင်ငံဟာ စစ်ရေးပထဝီဝင်အရ အချက်အချာကျတဲ့နေရာမှာ တည်ရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့အာဏာရှင်စနစ်ဟာ ပြည်သူပြည်သားတွေရဲ့လုံခြုံရေးကို ထိခိုက်နေပေမယ့် ကမ္ဘာ့လုံခြုံရေးကို အီရတ်လို ထိခိုက်နိုင်မယ့် degree ကမမြင့်ပါဘူး။ မြန်မာကဆင်နွှဲနေတဲ့ proxy warfare မရှိပါဘူး။ ဒေသတွင်းမှာ အင်အားကြီးနိုင်ငံနှစ်ခုဖြစ်တဲ့ အိန္ဒိယနဲ့တရုတ်နိုင်ငံတို့ရှိနေပါတယ်။

အနောက်နိုင်ငံတွေရဲ့ ဒီဒေသပေါ်မှာထားတဲ့ strategic interest ကတော့ တရုတ်ရဲ့အင်အားကြီးမားလာတဲ့ ပါဝါကို ထိန်းညှိပေးနိုင်ဖို့ အိန္ဒိယပါဝါကို မြှင့်တင်ရေးဘဲဖြစ်ပါတယ်။ အိန္ဒိယနဲ့တရုတ်ကို Balance of Power အဖြစ် ထိန်းညှိရင်း တရုတ်နိုင်ငံကိုတော့ containment policy ကိုဘဲကျင့်သုံးပါတယ်။ တချိန်တည်းမှာဘဲ ကုန်သွယ်မှုအကျိုးအမြတ်တွေ ရရှိဖို့ကိုလည်း အာရုံစိုက်ပါတယ်။ ဒါကြောင့် ဒေသတွင်းမှာ အမေရိကန်ဦးဆောင်တဲ့ နိုင်ငံတကာက စစ်အင်အားသုံးပြီး ဝင်ရောက်ကူညီဖြေရှင်းမှု ဆိုတာတွေက ဖြစ်နိုင်ချေနည်းပါတယ်။ လိုအပ်လာရင်တောင် အိန္ဒိယနိုင်ငံနဲ့ ဒေသတွင်းတပ်တွေရဲ့ အခန်းကဏ္ဍကို ရှေ့တန်းတင်လာရနိုင်ပါတယ်။ ဒါကလည်း နောက်ဆုံးအခြေအနေမှ ဖြစ်ပါတယ်။ တခါ post-conflict reconstruction အသုံးစရိတ်တွေကို မြန်မာနိုင်ငံအတွက် လာသုံးပေးသင့်၊ မသုံးပေးသင့်ဆိုတာကလည်း ထည့်သွင်းစဉ်းစားရမယ့် အချက်ဖြစ်ပါတယ်။

**ရှေ့အပတ်ဆက်လက်ဖော်ပြပါမည်**

# ဒေါ်အောင်ဆန်းစုကြည် အမှု ရက်ချိန်းထပ်ရွှေ့ဆိုင်းခြင်း၏ နောက်ကွယ်

**DVB | ဩဂုတ် ၂ ။** ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုကို သောကြာနေ့မှာ စီရင်ချက်ချ မယ်လို့ အတိအကျကြေညာထားပြီးမှ ဩဂုတ်လ ၁၁ ရက်နေ့အထိ ရက်ထပ်ရွှေ့လိုက်ပါတယ်။

ဥပဒေကြောင်းအရ စဉ်းစားစရာတွေ ရှိနေတဲ့အတွက် ဒီလိုရက်ရွှေ့ရ တာလို့ တရားသူကြီးက အကြောင်းပြပေမယ့် နိုင်ငံရေးသမားတွေ၊ အကဲခတ် တွေကတော့ ဒါဟာ ဥပဒေအရမဟုတ်ဘဲ နိုင်ငံရေးအရ အချိန်ယူစဉ်းစားဖို့ ရက်ရွှေ့တာ ဖြစ်မယ်လို့ဝေဖန်ပြောဆိုနေကြပါတယ်။ ဒီလို စီရင်ချက် ချမယ့်ရက် ရွှေ့ဆိုင်းရတာနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဗဟိုအလုပ်အမှု ဆောင် ကော်မတီဝင် ဦးဝင်းတင်က သူ့အမြင်ကို ပြောပါတယ်။

"ဒါဥပဒေပြဿနာမဟုတ်ဘူး။ ဥပဒေပြဿနာဆိုရင် အစောကတည်းက ပြီးနေရမယ့်ကိစ္စ။ ကျနော်ထင်တာကတော့ နိုင်ငံတကာက အာဆီယံ၊ အေအာ အက်စ်တို့မှာ ဒီလိုဟာတွေအပြင် နိုင်ငံတကာရဲ့ ဖိအားပေးမှုတွေ သူတို့မျှော် လင့်ထားသလိုမဟုတ်ဘဲ ကြီးကြီးမားမားပေါ်လာတာက တခုပေါ့။ "

"နောက်တခုက တိုင်းပြည်ထဲမှာလည်း လမ်းပိတ်၊ ကားပိတ် ဈေးတဈေး လုံးပိတ် လိုက်တဲ့အခါကျတော့ ဈေးသူဈေးသားတွေ တော်တော့်ကို အကျပ်အ တည်းဖြစ်လာတဲ့အခါ မကျေနပ်မှုတွေ အများကြီးတိုးလာတယ်။ အစိုးရလုပ်နေ တဲ့ ချုပ်ချယ်မှုတွေကြောင့် လူတွေမှာ အတော်အကျပ်အတည်းရိုက်လာပြီး ဒေါသဖြစ်လာတာက တခုပေါ့။"

"နောက်တခုက မနေ့တနေ့ကပဲ ကျောင်းသားတွေက ကြေညာချက်တွေ ထုတ်တယ်။ ဒေါ်စုကို ထောင်ချမယ်ဆိုရင် ဆူပူလှုပ်ရှားမယ်ဆိုတဲ့ဟာမျိုးတွေ။ သို့မဟုတ်ရင်လည်း သံဃာတွေ၊ ဆရာတော်တွေ ထွက်ပြီးတော့ ဆန္ဒတွေပေါ် ထုတ်ကြပါ ဆိုတော့ ဒီအခြေအနေက မြင့်သည်ထက် မြင့်လာပြီး ရက်ရွှေ့တာလို့ ကျနော်ထင်တယ်။"

စစ်ထောက်လှမ်းရေးနဲ့ သံတမန်ဟောင်း ဗိုလ်မှူးအောင်လင်းထွတ်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှာ ဒုတိယ စဉ်းစားချက် ဝင်လာတဲ့အတွက် ရက်ရွှေ့တာ ဖြစ်ပြီး နောက်ဆုံးမှာ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးလိမ့်မယ်လို့ပြောပါတယ်။

"ကျနော်သိရသလောက်က ဗိုလ်ချုပ်ကြီးမောင်အေးအပါအဝင် နအဖ ထိပ်ပိုင်း ခေါင်းဆောင်ပိုင်းတွေက ဗိုလ်ချုပ်မှူးကြီး သန်းရွှေကို ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြန်စဉ်းစားပေးဖို့ ပိုင်းပြီး မေတ္တာရပ်ခံတယ်လို့ပဲ ပြောရမှာပဲ။ အတိုက်အခံတော့ သူတို့ မပြောရဲပါဘူး။ မေတ္တာရပ်ခံကြတယ်လို့ ပြောကြတယ်။ ဒေါ်စုကို မင်းတို့ မော်စကိုမှာ ၃ နှစ်လောက် ထားလိုက်ကွာဆိုတာ သူ ကြိုတင်အမိန့်ပေးထား ပြီးသားပါ။ "

"ဒီကြားထဲမှာ အေအာအက်စ်မှာ ပြဿနာတွေအများကြီး ထပ်ပေါ်တာ ရှိတယ်။ မြောက်ကိုးရီးယားကိစ္စတွေမှာ ပေါ်တာရှိတယ်။ ဒီအခက်အခဲ၊ အကျပ်အ တည်းဟာ သူတို့ထဲမှာ အများကြီး အရှုပ်အရှင်းတွေ ဖြစ်နေတယ်။ ကျနော့်အ မြင်ပြောရရင် ဒေါ်စုကို လွှတ်လိမ့်မယ်လို့ယူဆတယ်။ ထောင်ချမယ်ဆိုလို့ ပြောပြီးတဲ့နောက်ပိုင်းမှာ လွှတ်ငြိမ်းချမ်းသာခွင့်နဲ့ ပေးတယ်ကွ ဆိုတော့လည်း၊ လွှတ်ကိုလွှတ်ရမယ့် အနေအထားမျိုးမှာ ရှိကိုရှိပါတယ်။"

မြန်မာ့အရေးဆောင်းပါးတွေရေးနေသူ ဘန်ကောက်မြို့မှ ဗြိတိသျှသ တင်းစာဆရာ လယ်ရီဂျောင်က ဒီအမှုကို အချိန်ဆွဲနိုင်သမျှဆွဲပြီး ၂၀၁၀ အလွန် အထိ ပုဒ်မအမျိုးမျိုး၊ အယူခံဝင်ခွင့် အမျိုးမျိုးနဲ့ အချိန်ဆွဲသွားမယ့်သဘောမျိုး ရှိတယ်လို့ပြောပါတယ်။

"အခုအမှုဟာ ဥပဒေအရ အငြင်းပွားမှုမဟုတ်ဘဲ နိုင်ငံရေးအရအငြင်း ပွားမှုဖြစ်တယ်ဆိုတာကို ကျနော်တို့ သတိရဖို့လိုပါတယ်။ ဥပဒေအရ စဉ်းစား စရာတွေရှိနေလို့ ရက်ရွှေ့တာလို့ တရားသူကြီးက ပြောနေပေမယ့် တကယ်က ထိပ်တန်းစစ်ဗိုလ်ချုပ်တွေဆီက အပြီးသတ် အမိန့်မရသေးလို့ ရက်ရွှေ့လိုက် တာသာဖြစ်ပါတယ်။ ကျနော့် အမြင်ကတော့ ၁၁ ရက်နေ့ ရောက်ရင်လည်း ရက်ထပ်ရွှေ့ဦးမယ်လို့ ထင်ပါတယ်။ "

"ဗိုလ်ချုပ်ကြီးတွေဘက်က အမိန့်မရမချင်း တရားသူကြီးဘက်က ရက်ရွှေ့နေမှာဖြစ်ပါတယ်။ အတိအကျ ပြောရမယ်ဆိုရင် အခုတကြိမ် ရက်ရွှေ့ တာဟာ ဗိုလ်ချုပ်သန်းရွှေမှာ တိကျတဲ့ဆုံးဖြတ်ချက် မရှိသေးတာရယ်၊ နိုင်ငံ တကာဖိအားကို လျှော့ချလိုတာရယ်၊ နောက် ဒီသီတင်းပတ်ထဲကြုံရမယ့် ၈ လေး လုံးအရေးတော်ပုံ နှစ်ပတ်လည်ကာလကို ကျော်ဖြတ်ချင်တာရယ် ဒီ ၃ ချက် ကြောင့် ဖြစ်ပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်ကို စီရင်ချက်ချမယ့်ရက် ရွှေ့ဆိုင်းလိုက်တာနဲ့ ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မီတီ ဝင် ရန်ကုန်မြို့မှ ဦးဝင်းတင်၊ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့မှ စစ်ထောက်လှမ်းရေးနဲ့ သံတမန်ဟောင်းဖြစ်သူ ဗိုလ်မှူးအောင်လင်းထွတ် နဲ့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ မြန်မာ့အရေးဆောင်းပါးတွေရေးနေသူ ဗြိတိသျှသတင်းစာဆရာ လယ်ရီဂျောင် တို့က ဆွေးနွေးထားကြတာဖြစ်ပါတယ်။

# မယ်လစခန်းတွင် တုပ်ကွေး ကူးစက်

**DVB | ဇူလိုင် ၂၈ ။** ။ ထိုင်းမြန်မာနယ်စပ်တလျှောက်မှာရှိတဲ့ ဒုက္ခသည် စခန်းအားလုံးထဲက အကြီးဆုံးမယ်လဒုက္ခသည်စခန်းမှာ သွေးလွန်တုပ်ကွေး ရောဂါ ကူးစက်မှုဖြစ်ပွားနေပါတယ်။

ထိုင်းမြန်မာနယ်စပ် မဲဆောက်မြို့မြောက်ဘက်ရှိ မယ်လဒုက္ခသည်စခန်း ရဲ့ဆေးရုံမှာ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနေသူ ၁၀ ယောက်ရှိပြီး အဲဒီအထဲ က နှာခေါင်းသွေးယိုတဲ့၊ သွေးအန်တဲ့သူ ၃ ယောက်ရှိတယ်လို့ မယ်လဒုက္ခ သည်စခန်း ကျန်းမာရေးတာဝန်ခံဆရာမစီစီလယာက ပြောပါတယ်။ အဲဒီလို နှ ခေါင်းသွေးယို၊ သွေးအန်တဲ့သူ ၃ ဦးကို မဲဆောက်ဆေးရုံမှာ တင်ထားထားတယ် လို့ ဆရာမစီစီလယာက ပြောပါတယ်။

"ကိုယ်ပူ၊ ခေါင်းကိုက်တယ်၊ အန်တယ်။ နှာခေါင်း သွေးယိုတယ်။ အန်တဲ့ အချိန်မှာ လည်းပါလာတာမျိုးတွေရှိတယ်။"

မယ်လဒုက္ခသည်စခန်းမှာ ဆေးရုံသုံးခုရှိပေမယ့် ကျန်းမာရေးစောင့် ရှောက်ဖို့၊ ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ဖို့ လိုအပ်ချက်တွေအများ ကြီးရှိနေတယ်လို့ ဆရာမက ပြောပါတယ်။

"ကျမတို့ စခန်းထဲမှာတော့ လူတွေကတော့ ကျန်းမာရေးကောင်းချင် ကြတာပဲလေ။ ကျမတို့စခန်းမှာ ခြင်ထောင်တွေကို ရေနွေးနဲ့ပြုပ်တယ်။ တချို့ လူတွေက အိုးကြီးကြီးမရှိတော့ အခက်အခဲဖြစ်တယ်။ ထင်းဝါးတွေလည်းလို တာပေါ့။"

မယ်လဒုက္ခသည်စခန်းမှာ ဒုက္ခသည်အဖြစ် စာရင်းသွင်းပြီးသူရော၊ မသွင်း ရသေးသူပါ စုစုပေါင်း လူဦးရေ ၅ သောင်းကျော် ရှိပြီး နေ့စဉ် လူအဝင်အထွက် ရှိနေတာမို့ လူဦးရေအတိအကျကို မသိနိုင်ပါဘူး။ သွေးလွန်တုပ်ကွေးအဖြစ်အ များဆုံးက ကလေးငယ်တွေဖြစ်ပါတယ်။ စခန်းတွင်းမှာ ကျောင်းပေါင်း ၂၆ ကျောင်းရှိပြီး ကျောင်းသားဦးရေ တသောင်းခြောက်ထောင်ကျော်ရှိပါတယ်။

**ရှစ်လေးလုံး ၂၁ နှစ်မြောက် နှစ်ပတ်လည် ဆန္ဒပြပွဲ**
**ဩဂုတ်လ ၈ ရက် စနေနေ့ ၂၀၀၉ ခုနှစ်**
**မီနာမီ ဂိုတဲန်းဒါ့ပန်းခြံ နေ့လယ် ၂း၀၀ နာရီ**
**ဂျပန်ရောက် မြန်မာပြည်သူပြည်သားများ အားလုံး**
**ပါဝင်ချီတက်ဆန္ဒပြကြပါရန်၊**
**အသေးစိတ်သိလိုပါက အဖွဲ့အစည်းအသီးသီးသို့**
**ဆက်သွယ်မေးမြန်းကြပါ။**

ဒို့တိုင်းပြည် THE SAD PLIGHT OF MYANMAR
www.faxtoon.com NO. 443 July 25, 2009

## dream



# ဒေါ်အောင်ဆန်းစုအကြည်မှု စီရင်ချက် တရားမျှမှုမရှိဟု ပြည်သူလူထု ပြော

**DVB ၊ ဂျူလိုင် ၂၉ ။** ။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုကို သောကြာနေ့မှာ စီရင်ချက်ချမှာနဲ့ပတ်သက်လို့ တရားမျှတတဲ့ စီရင်ချက်တခု ဖြစ်လာမှာမဟုတ်ဘူးလို့ ပြည်သူလူထုက ထင်မြင်ယူဆနေကြပါတယ်။

လုံခြုံရေးတင်းကျပ်ထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ကို အမေရိကန်နိုင်ငံသားတဦး ရေကူးခိုးဝင်မှုနဲ့ပတ်သက်လို့ စစ်အုပ်စုက နေအိမ်လုံခြုံရေး တာဝန်ယူထားသူတွေကို အရေးမယူဘဲ ဒေါ်အောင်ဆန်းစုကြည်ကိုသာ နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှုနဲ့ စွပ်စွဲတရားစွဲဆိုကတည်းက တရားမျှတမှုမရှိခဲ့တာလို့ ရန်ကုန်တိုင်း ဒဂုံမြို့ခံတဦး က ပြောပါတယ်။

“ဝင်လာတဲ့လူကလည်း ခွင့်ပြုချက်မရဘဲ ဝင်လာတာ။ အဲ့ဒီတော့ အပြင်ဘက်မှာစောင့်နေတဲ့လူမှာသာ တာဝန်ရှိတာပေ့ါ။ ဒါကိုပဲအကွက်ဆင်ပြီး တဘက်က လျှောက်လဲမှု အပေါ်မှာ တကယ်တမ်းထွက်ဆိုနိုင်မယ့် သက်သေတွေကိုလည်း ပယ်ချတာဆိုတော့ ဒါဟာ တရားဥပဒေပေါ်မှာ အင်မတန်ရုပ်ဆိုးတဲ့ သူတို့ရဲ့ ပြုမူဆောင်ရွက်ချက်တွေပဲလေ။ အခုလိုဖန်တီးပြီး လုပ်ထားတဲ့ အချက်ပေါ်မှာကြည့်ရင် ဒေါ်စုကို ပြန်လွှတ်ပေးလိမ့်မယ်လို့ ကျနော်တို့ မထင်ဘူး။”

မကွေးတိုင်း ရေနံချောင်းမြို့ခံတဦးက နအဖအနေနဲ့ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးအရ မလွှတ်ပေးရဲတဲ့ သဘောရှိတယ်လို့ ပြောပါတယ်။

“လွှတ်ကို မလွှတ်ရဲတာ။ ဒေါ်စုကို သူတို့ တော်တော့်ကို လန့်နေတဲ့ သဘောပါပဲ။ ဒေါ်စုဘက်က စကားတခွန်းထွက်လာမှာကိုပဲ သူတို့အလွန်ကြောက်နေတဲ့ပုံရှိပါတယ်။ သူတို့က မမှန်ကန်တဲ့ လုပ်ရပ်တွေ တလျှောက်လုံး လုပ်လာတော့ မှန်ကန်တဲ့လူတယောက် ပြောလိုက်မယ့် စကားတခွန်းနဲ့ကို အကုန်လုံး ဒုက္ခရောက်နိုင်တယ်လို့ ကျမထင်။”

နေအိမ်အကျယ်ချုပ်သက်တမ်း ပြည့်ခါနီးတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်မလွှတ်ပေးချင်လို့ အစကတည်းက လုပ်ကြံဖန်တီးထားတဲ့ အမှုတခုဖြစ်တယ်လို့မကွေးမြို့မှ သံဃာတော်တပါးက မိန့်ကြားပါတယ်။

“အစကတည်းက လွှတ်မပေးချင်လို့ လုပ်ကြံဖန်တီးပြီး လုပ်ထားတဲ့အတွက် ထောင်ချမယ်လို့ ဘုန်းကြီးကတော့ယူဆတယ်။ သူ့မှာ အပြစ်မရှိဘူး။ ဘာလို့ စစ်အုပ်စုမှာပဲ အပြစ်ရှိလဲဆိုတော့ အမေရိကန်နိုင်ငံသား ပထမတခါဝင်လာတာ သူတို့ကို အကြောင်းကြားတုန်းက ဒီလူကို သူတို့ အရေးမယူဘဲ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် လွှတ်ခါနီးမှ ဒီလူ ဒေါ်အောင်ဆန်းစုကြည် ခြံထဲကို ဝင်တာဟာ သူတို့ နဂိုက ကြိုတင်ကြံစည်ပြီး လုပ်တဲ့အနေအထားမျိုး ဖြစ်နေတာ တွေ့ရတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို မလွှတ်ချင်လို့ ဒီလို အကွက်ဆင်တာ၊ ကလိမ်ကကျစ် ဉာဏ်ဆင်တာလို့ ဘုန်းကြီးတို့ရော ပြည်သူလူထုကပါ ဒီလိုပဲမြင်ကြတယ်။”

စစ်အုပ်စုရဲ့ တရားစီရင်ရေးဟာ အရင်ကတည်းက ယိုယွင်းပျက်စီးနေပြီး တရားမျှတမှုမရှိတဲ့အပြင် လုပ်ကြံဖန်တီးထားတဲ့ အမှုတခုဖြစ်လို့ ပိုလို့တောင် တရားမျှတမှုရှိမှာ မဟုတ်ဘူးလို့ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့ခံတဦးက ပြောပါတယ်။

“နဂိုကတည်းက တရားဥပဒေအတိုင်းလုပ်ခဲ့တာ မဟုတ်တော့ တကယ်တမ်း စီရင်ချက်ချရင်လည်း တရားဥပဒေအတိုင်း ဖြစ်မှာမဟုတ်ဘူး။ နိုင်ငံတကာရဲ့ဖိအားအပေါ်မူတည်ပြီး အလျှော့အတင်းလုပ်ပြီး သွားထားတာဆိုတော့ ဘယ်လိုမှတရားမျှတတဲ့ ဆုံးဖြတ်ချက် ဖြစ်လာမှာ မဟုတ်ဘူးလို့ထင်တယ်။ ဥပဒေအပေါ်မှာနေပြီး ဥပဒေကို လုပ်ချင်တိုင်းလုပ်ပြီး ချယ်လှယ်နိုင်ခွင့်ရှိတဲ့ လူတန်းစားတရပ် သပ်သပ်ရှိနေတယ်။ ဒါကြောင့် ဗမာပြည်မှာရှိတဲ့ တရားဥပဒေဟာ ဘယ်တော့မှ တရားမျှတမှုကို အမြဲတမ်းမရနိုင်ဘူး။”

ဒီအမှုမှာ အဓိကနေအိမ်လုံခြုံရေး တာဝန်ယူထားသူတွေကို စစ်ဆေးမေးမြန်းမှု မရှိတဲ့အပေါ်လည်း ဘက်လိုက်မှုတခုလို့ ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုထားပါတယ်။ ဒီအမှုနဲ့ပတ်သက်လို့ စစ်အုပ်စုဘက်က တရားလိုပြသက်သေ ၂၂ ဦးတင် ပြခဲ့ပြီး ၁၄ ဦးကို စစ်ဆေးခဲ့ပေမယ့် ဒေါ်အောင်ဆန်းစုကြည်ဘက်က တရားခံပြသက်သေ ၄ ဦးတင်ပြခဲ့ရာမှာ ၂ ဦးသာ ထွက်ဆိုခွင့်ရခဲ့ပါတယ်။


Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com



၁၉၉၅ ခု အောက်တိုဘာလ မှ စတင်၍ အပတ်စဉ်ထုတ်ဝေသည်


**To**

AIR MAIL

PRINTED MATTER